# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်    ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ သောကြာနေ့    အတွဲ (၅၈)၊ အမှတ် (၁၃၁)





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်

**တောင်ကြီး ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာ (မီးပုံးပျံကွင်း)၌ ကျင်းပသည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ ဦးစီးဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆




မြန်မာ့အလင်း

## ဗိုလ်ချုပ်အောင်ဆန်း၏ ညီညွတ်ရေးလမ်းညွှန်

ခေတ်သစ်မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်လပ်ရေးသမိုင်းကိုပြောလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍက အလွန့်အလွန်အရေးပါသောနေရာမှာ ရှိနေသည်။ ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်း ဘဝ၊ တို့ဗမာအစည်းအရုံး ခေါင်းဆောင် သခင်အောင်ဆန်းဘဝ၊ ဗမာ့တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဘဝ၊ ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင် ဦးအောင်ဆန်း ဘဝ စသည့်ဖြတ်သန်းခဲ့သော ဘဝအသီးသီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဖြူစင်ဖြောင့်မတ်မှု၊ ပြည်သူလူထုအကျိုးနှင့် လွတ်လပ်ရေးကလွဲ၍ ဘာကိုမှ မမျှော်လင့် မမက်မောမှု၊ အမြော်အမြင်ကြီးမှုနှင့် သတ္တိပြောင်မှုတို့က ထင်ရှားသည့် ဝိသေသများဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလမ်းညွှန်မှုများမှာလည်း အထူးတိကျပြီး ရှင်းလင်းပါသည်။ သည်အထဲတွင် ဗိုလ်ချုပ်အရေးတယူအပြုဆုံး ကိစ္စတစ်ခုမှာ ညီညွတ်ရေး ဖြစ်ပါ၏။ ၁၄ ဩဂုတ် ၁၉၄၅ ဂျပန်တို့ လက်နက်ချပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားသည့်အခါ ဗိုလ်ချုပ်က ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အခြားသော နိုင်ငံရေးပါတီများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ နိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ခေါ်ကာ ဆွေးနွေးပွဲကျင်းပခဲ့သည်။ ထိုသို့ဆွေးနွေးပြီးနောက် စက်တင်ဘာတွင် တပ်မတော်ကနုတ်ထွက်ပြီး ဦးအောင်ဆန်းအဖြစ်နှင့် ဖဆပလအဖွဲ့ချုပ် တာဝန်ကိုယူခဲ့သည်။

ထိုဆွေးနွေးပွဲတွင် ဖဆပလအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရင်း ထိုနိုင်ငံရေးခေါင်းဆောင်များကို ဖဆပလနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်စကားပြော၏။ ဗိုလ်ချုပ်က- "ကနေ့ လူကြီးများအစည်းအဝေးခေါ်ရခြင်းအကြောင်းမှာ နိုင်ငံအတွင်း နိုင်ငံရေးညီညွတ်မှုကို ရှေးရှု၍ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။ အရင်ကလည်း ခေါ်ခဲ့တယ်။ မူလကလည်း ရည်ရွယ်ခဲ့တယ်" ဟုအစချီကာ ဖဆပလအဖွဲ့ချုပ်၏ ရည်ရွယ်ချက်အတိုင်း ဖက်ဆစ်ဝါဒ ကမ္ဘာပေါ်က ပပျောက်ရေး၊ နိုင်ငံလွတ်လပ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းစဉ်များကို အများပြည်သူတို့ရဲ့ ဆန္ဒနဲ့အညီ တညီတညွတ်တည်း လုပ်ကိုင်ရေးတို့ကို ပြောခဲ့သည်။ ထို့နောက် ဖက်ဆစ်ဝါဒပပျောက်ရေးဆိုင်ရာ၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ကြရန်တို့နှင့်အတူ- "ကျွန်တော်တို့ အမြင်အရဆိုရင် တိုင်းပြည်ရဲ့ခေါင်းဆောင်မှုဟာ လူတစ်ဦးထဲက ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့နဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်။ အဖွဲ့ရဲ့ဆန္ဒမဟုတ်ဘဲ၊ ငါ့ဆန္ဒ ငါ့သဘောလုပ်တဲ့ ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့ရဲ့ဆန္ဒယူပြီး အဖွဲ့ရဲ့အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရား မဟုတ်ဘဲ၊ ကိုယ့်လူမျိုး ချစ်ခင်သော်လည်း အခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်းသင့်မြတ်စွာ တစ်ဦးအကျိုးတစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်။ ဂျပန်ပြည်မှာလို စစ်ဘက်က လက်ဝါးကြီးအုပ်ပြီး၊ တိုင်းပြည်လွှတ်တော်က ဘာမှအစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိရအောင်၊ စစ်ဘက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးခွင့်ရှိရမယ်။ ... အခုစစ်ကြီးလည်း ပြီးသွားပြီ၊ တိုက်ခိုက်မှုတွေလည်း မကြာခင် ပြီးဆုံးတော့မှာပဲ။ သို့သော်လည်း ကျွန်တော်တို့ ဗမာပြည်ရဲ့အရေးက မပြီးသေးဘူး။ ကျွန်တော်တို့ ဗမာပြည်ရဲ့အရေးဟာဗမာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော်ခေါင်းဆောင်နေတဲ့ တပ်မတော်ကလည်း ယုံကြည်တယ်။ ဒါကြောင့် တိုင်းပြည်မှာ ညီညွတ်ရေးဟာ အဓိကလုပ်ငန်းပဲ။ ညီညွတ်ရေးဆိုပေမယ့် တိုင်းပြည်လွတ်လပ်ရေးနဲ့ ထူထောင်ရေးကို အထက်ပါအခြေခံအချက်တွေနဲ့ ဆောင်ရွက်မယ့် ညီညွတ်ရေးမျိုးကိုသာ ဆိုလိုပါတယ်... " ဟု မြွက်ဟခဲ့သည်။

တစ်ဖန်ဖဆပလပြည်လုံးညီလာခံကြီးကျင်းပချိန် ၂၃ ဇန်နဝါရီ ၁၉၄၆ တွင်လည်း ဖဆပလအဖွဲ့ချုပ်ကြီးထဲသို့ အားလုံးတိုင်းသူပြည်သားများ ဝင်ပြီး စင်ကြယ်သည့် ညီညွတ်ရေး၊ စင်ကြယ်သည့်နိုင်ငံရေးကို တည်ဆောက်ကြဖို့ မေတ္တာရပ်ခံကြောင်းပြောရင်း- "ဗမာပြည်သည် အာဏာပိုင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးသို့ခေါ်၍ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော အခြေအနေဆိုက်ရောက်အောင် (ဝါ) လွတ်လပ်ရေးရအောင် အလိုဆုံးအရာမှာ ညီညွတ်ရေးပင်ဖြစ်ကြောင်း၊ ညီညွတ်ရေးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင် အခြေပြုရမည်ဖြစ်ကြောင်း" အစချီကာ ညီညွတ်ရေးအဆိုကို တင်သွင်းခဲ့ရာ ညီလာခံလူထုက ထောက်ခံအတည်ပြုခဲ့ပါသည်။

ယနေ့လို နိုင်ငံအကျပ်အတည်းများမှ လွတ်မြောက်အောင် အားထုတ်ကြိုးပမ်းနေကြချိန်တွင် အမျိုးသားခေါင်းဆောင်ကြီး၏ ညီညွတ်ရေးမှု၊ ညီညွတ်ရေးလုပ်ငန်းစဉ်တို့ကို ဆက်လက်အကောင်ထည်ဖော်ကြရန် လိုအပ်ပြီဟု နှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ သုံးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

| | |
|---|---|
| တန်းတူညီမျှ | အခွင့်အရေးရ |
| ငြိမ်းချမ်းသာယာ | ပြည်ထောင်စုမှာ |
| တန်းတူညီမျှ | တာဝန်ယူကြ |
| လုံခြုံခိုင်မာ | ပြည်ထောင်စုမှာ။ |

## မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓမ္မပူဇာတရားပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အား ၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များ၊ အခြားအသင်းအဖွဲ့များ အပါအဝင် ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စေတီတော်ကြီးအား ပန်း၊ ဆီမီး၊ သစ်သီး၊ ထမနဲဆွမ်းများဖြင့် ကပ်လှူပူဇော်မည်ဖြစ်ပြီး ပွဲတော်ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို သုံးညတိုင်တိုင် ည ၇ နာရီမှစ၍ ဓမ္မရက္ခိတဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်ပေးမည်ဖြစ်သည်။

တပို့တွဲလပြည့်ကျော် ၁ ရက် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီတွင် မဟာဝိဇယစေတီတော်ရင်ပြင်၌ မြတ်စွာဘုရားအမှူးထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တရားဟော တိပိဋက ဆရာတော်ကြီးများနှင့် ဒဂုံ၊ ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများအပါအဝင် (၁+၄၅)ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ အလှူရှင်များ ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်းနှင့် ညတရားပွဲများသို့ ကြွရောက်၍ တရားတော်များ နာယူနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

## ရွှေတိဂုံစေတီတော်(၅၆၆) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က စီစဉ်ကျင်းပသော (၅၆၆) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက စေတီတော်ရင်ပြင်တော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ညှိ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော် (ရွှေပြား)အလှူရှင် ၁၅၁ ဦးတို့က ရွှေပြားပေါင်း ၁၅၉ ချပ် လှူဒါန်းခဲ့ကြပြီး လှူဒါန်းငွေကျပ်စုစုပေါင်း ကျပ် ၁၇၄၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အလှူတော်ငွေပေးအပ်လှူဒါန်းပွဲတွင် ဂေါပကအဖွဲ့ဝင်များက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်

◆ *ရှေ့စာမှ*

သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် "ယနေ့(၇၂) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ကြွရောက်လာတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးများ အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ ပြည့်စုံပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

**ဆက်ပြီးတော့ ထိန်းသိမ်း**

နိုင်ငံတော်သမ္မတကြီး သဝဏ်လွှာမှာ ပါတဲ့အတိုင်း ဒီနေ့ဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုအတွက် အစပျိုးလိုက်တဲ့ နေ့တစ်နေ့ကို ဂုဏ်ပြုတာဖြစ်ပါတယ်။ ဒီလို ပြည်ထောင်စုရဲ့ မျိုးစေ့တွေကို ပျိုးခဲ့တဲ့ ကျွန်မတို့ရဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများရဲ့ ရည်ရွယ်ချက်များ၊ အိပ်မက်များကို အကောင်အထည်ဖော်ဖို့ဟာ ကျွန်မတို့ရဲ့ တာဝန်ဖြစ်တယ်လို့လည်း နိုင်ငံတော်သမ္မတကြီးကနေ ထောက်ပြခဲ့ပါတယ်။ အစေ့လေးသာ ပျိုးရုံနဲ့ အပင်မဖြစ်ပါဘူး။ အပင်ဖြစ်အောင်လည်း ကျွန်မတို့က ပြုစုပျိုးထောင်ရပါတယ်။ အပင်ကနေ အသီးအပွင့်တွေ ဝေဆာလာအောင်လို့လည်း ဆက်ပြီးတော့ ထိန်းသိမ်းသွားရမှာ ဖြစ်ပါတယ်။

**အားလုံးဆက်နွှယ်**

ဒါကြောင့်မို့ ဒီလိုနေ့ထူးနေ့မြတ်မှာ အတူရှိတဲ့အခါ ကျွန်မတို့ရဲ့လွတ်လပ်ရေး ခေါင်းဆောင်ကြီးများရဲ့ မျှော်မှန်းချက်များနဲ့ ကျွန်မတို့ရဲ့ မျှော်မှန်းချက်များ တစ်သားတည်းဖြစ်အောင်လို့ သန္နိဋ္ဌာန်ချဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ အစိုးရဟာအုပ်ချုပ်ရေး တာဝန်ကိုယူကတည်းကနေစပြီးတော့ အဓိကရည်မှန်းချက် သုံးချက်ကို ချပြခဲ့ပါတယ်။ ပထမကတော့ တရားဥပဒေစိုးမိုးရေးနဲ့ လူမှုဘဝစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ဒုတိယကတော့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တတိယကတော့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်စေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးပဲ ဖြစ်ပါတယ်။ ဒီသုံးခုဟာလည်း အားလုံးဆက်နွှယ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ နိုင်ငံရေးအရ မှန်ကန်ရေးနဲ့ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးတွေဟာ ခွဲလို့ရတဲ့အရာတွေ မဟုတ်ပါဘူး။

**အင်မတန်မှ အရေးကြီး**

ငြိမ်းချမ်းရေးရမှ ပြည်သူလူထုအတွက် တိုးတက်ဖွံ့ဖြိုးရေးလုပ်နိုင်မယ်။ ငြိမ်းချမ်းရေးရဖို့ဆိုရင် အများပြည်သူက လက်ခံမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုလည်း လိုအပ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူတွေအားလုံးကြားမှာ ရင်ကြားစေ့ဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ရည်ရွယ်ချက်တွေ၊ ပန်းတိုင်တွေ တစ်ခါတလေ တူပေမယ့်လည်း ဘယ်လိုပုံစံနဲ့ ဒီပန်းတိုင်ကို ချီတက်သွားရမယ်ဆိုတဲ့ အတွေးအခေါ်တွေဟာ ကွဲလွဲတတ်ပါတယ်။ ဒီဟာတွေက တကယ်ကို ကျွန်မတို့ ပြည်ထောင်စုအပေါ်မှာ စေတနာထားမယ်ဆိုရင် ဖြေရှင်းလို့မရတဲ့ ပြဿနာတွေ မဟုတ်ပါဘူး။

အားလုံးဟာ အလျှော့အတင်းလုပ်ဖို့ အဆင်သင့်ရှိတယ်။ အားလုံးရဲ့ အဓိကရည်ရွယ်ချက်ကတော့ ချမ်းသာကြွယ်ဝ သာယာငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီးပဲ ဖြစ်တယ်ဆိုရင် မတူကွဲပြားတဲ့ စိတ်သဘောထားတွေကို ညှိယူဖို့ဟာက အခက်အခဲရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ တိုင်းရင်းသား၊ ပြည်ထောင်စု သားသမီးများအားလုံးဟာအတူ လက်တွဲပြီးတော့ ကိုယ့်နိုင်ငံအတွက် စဉ်းစားဖို့ အင်မတန်မှအရေးကြီးပါတယ်။ အခုကမ္ဘာကြီးမှာ စုစည်းမှုတွေရှိသလို ကွဲပြားမှုတွေရှိပါတယ်။ စုစည်းတဲ့ဘက်ကို သွားမလား၊ ကွဲပြားတဲ့ဘက်ကို သွားမလားဆိုတာ တစ်ဦးချင်း တစ်ဦးချင်း၊ နိုင်ငံတစ်ခုချင်း တစ်ခုချင်းရဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်။

**တန်ဖိုးရှိတဲ့ လုပ်ရပ်တွေဖြစ်**

ကျွန်မတို့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို ဒီအချိန် ဒီအခါမှာ ချလိုက်ရင် နောင်လာမယ့် ကျွန်မတို့ မျိုးဆက်သစ်တွေအားလုံးအတွက် အင်မတန်မှ တန်ဖိုးရှိတဲ့ လုပ်ရပ်တွေဖြစ်သွားပါ့မယ်။ အခု ကျွန်မတို့ (၇၂)နှစ်ကြာတဲ့အထိတိုင် ကျွန်မတို့ရဲ့လွတ်လပ်ရေးဖခင်ကြီးများရဲ့ စွမ်းဆောင်ခဲ့တဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကြောင့် လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုမှာ နေနိုင်တာဖြစ်ပါတယ်။ ဒီလွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံမှာ ဆက်ပြီးတော့ နေဖို့တင်မက ချမ်းချမ်းသာသာ တောင့်တောင့်တင်းတင်းနေနိုင်ဖို့ကတော့ ကျွန်မတို့ရဲ့ တာဝန်ပါပဲ။ ဒီအခွင့်အရေးတွေကို ကျွန်မတို့ရရှိနေပြီ ဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်မတို့နိုင်ငံကြီးဟာ ပြောင်းလဲလာတာဟာ အခုဆိုရင် ၂၁ ရာစု ပင်လုံညီလာခံကဲ့သို့ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေ အားလုံးကို စုစည်းပေးနိုင်မယ့် ဆွေးနွေးပွဲကြီး တစ်ခု ကျင်းပနိုင်ရုံတင်မက ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတစ်ခုကလည်း အုပ်ချုပ်ရေး တာဝန်တွေကိုယူနိုင်တဲ့အဆင့်ကို ရောက်လာပါတယ်။

**သမိုင်းပေးတာဝန်ရှိ**

ကျွန်မတို့အားလုံး မျှော်မှန်းတဲ့၊ အားလုံးလိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးအဆင့်ကိုတော့ မရောက်သေးဘူးဆိုတာ အားလုံး အသိပဲ ဖြစ်ပါတယ်။ ဒီကိုရောက်အောင် ဆက်သွားဖို့ဟာ ကျွန်မတို့ရဲ့တာဝန် ဖြစ်ပါတယ်။ ကျွန်မတို့ မျိုးဆက်တွေရဲ့ သမိုင်းပေးတာဝန်လို့ပြောရင် မှားမယ် မထင်ပါဘူး။ မျိုးဆက်တိုင်း မျိုးဆက်တိုင်းဟာ သူ့ရဲ့သမိုင်းပေးတာဝန်ရှိသွားကြပါတယ်။ သမိုင်းတာဝန်ကျေတဲ့ မျိုးဆက်တွေရှိသလို၊ တာဝန်မကျေတဲ့ မျိုးဆက်တွေလည်း ရှိခဲ့ပါတယ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကျွန်မတို့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများဟာ တာဝန်ကျေတဲ့ မျိုးဆက်ထဲပါသလို ကျွန်မတို့အနေနဲ့လည်း တာဝန်ကျေတဲ့ မျိုးဆက်ထဲမှာ ပါချင်ပါတယ်။ ဒီလိုပါဖို့ဆိုတာဟာ အစိုးရအဖွဲ့တစ်ခုတည်း လုပ်လို့မရပါဘူး။ ကျွန်မတို့ ပြည်သူလူထုအားလုံး ပါဝင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီနိုင်ငံကြီးကို တကယ်ပိုင်ဆိုင်တာဟာ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ နိုင်ငံရဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုဆိုတာဟာ ပြည်သူလူထုကနေပြီးတော့ ဆင်းသက်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့၊ ဖွံ့ဖြိုးဖို့၊ အောင်မြင်ဖို့ဆိုရင် ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုဟာ မဖြစ်မနေရှိရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

ဒါကြောင့် ပြည်နယ်နေ့တိုင်း နေ့တိုင်းဟာ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့တွေ ဖြစ်တယ်လို့လည်း ကျွန်မတို့ ပြောလို့ရပါတယ်။ ပြည်ထောင်စုနေ့က ဖေဖော်ဝါရီ ၁၂ ရက်နေ့ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ သို့သော်လည်း ပြည်နယ်နေ့တိုင်းနေ့တိုင်းဟာ တစ်နည်းအားဖြင့် ပြည်ထောင်စုနေ့ကို ပံ့ပိုးပေးတဲ့နေ့တွေပဲဖြစ်ပါတယ်။ တိုင်းရင်းသားများရဲ့ နေ့ထူးနေ့မြတ်တွေ အားလုံးဟာလည်း ပြည်ထောင်စုနေ့ကို ပံ့ပိုးပေးတဲ့နေ့တွေဖြစ်ပါတယ်။ အတိုချုပ်ပြောရမယ်ဆိုရင် ကျွန်မတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့လုပ်ရပ်များဟာ ပြည်ထောင်စုကြီး တည်ဆောက်ဖို့၊ ပြည်ထောင်စုကြီး ခိုင်ခံ့တည်မြဲစေဖို့ လုပ်ရပ်တွေပဲ ဖြစ်စေချင်ပါတယ်။ ဒီလိုဖြစ်မယ်ဆိုရင် အားလုံးဟာ ဝိုင်းဝန်းပြီးတော့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးရဲ့ အသီးအပွင့်တွေကို ကျွန်မတို့ ခံစားရမှာပဲ ဖြစ်ပါတယ်။

(၇၂) နှစ်ဆိုတာ တိုတဲ့အချိန်လေး မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းမှာတော့ အင်မတန်ရှည်တယ်လို့လည်း မပြောနိုင်ပါဘူး။ သို့သော်လည်း အချိန်အခါအရ လွန်ခဲ့တဲ့ (၇၂) နှစ်ဟာ ကျွန်မတို့ကမ္ဘာကြီးအတွက် အင်မတန်အရေးပါတဲ့နှစ်တွေ ဖြစ်ခဲ့ပါတယ်။ ဒီနှစ်တွေကြားထဲမှာ နည်းပညာတွေ အလွန်အမင်း တိုးတက်လာမှုကြောင့် ကမ္ဘာကြီးရဲ့ အခြေအနေဟာ တော်တော်ကြီးကို ပြောင်းသွားပါတယ်။ လွတ်လပ်ရေးမရခင်တုန်းက ကမ္ဘာကြီးရဲ့အခြေအနေနဲ့ ယခုကမ္ဘာကြီးအခြေအနေဟာ လုံးဝကို မတူတော့ပါဘူး။ ဒီလိုပြောင်းလဲလာတဲ့အခြေအနေမှာ ကျွန်မတို့နိုင်ငံက ထိုက်ထိုက်တန်တန် ရပ်တည်နိုင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုသားသမီးများရဲ့အရည်အချင်းကို လုံးဝယုံကြည်ပါတယ်။ အခြေအနေပေးရင် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံနဲ့မဆိုရင်ပေါင်တန်းပြီးတော့ ချီတက်သွားနိုင်တဲ့ နိုင်ငံဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒီအရည်အချင်းတွေ ဖွံ့ဖြိုးဖို့၊ ဒီအရည်အချင်းတွေ ပွင့်ဖူးဝေဆာလာဖို့ အခွင့်အရေးတွေကို နိုင်ငံရေးအရ၊ လူမှုရေးအရ စီးပွားရေးအရ လုပ်ပေးဖို့ဟာ အရေးကြီးပါတယ်။

**ဘဝအဆက်ဆက်သာယာဖို့**

ဒါကြောင့် စောစောက ပြောသွားတဲ့ ရည်မှန်းချက်သုံးချက်ဟာ အားလုံးဆက်နွှယ်နေတယ်ဆိုတာဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စု သားသားသမီးများအားလုံးရဲ့ ဘဝအဆက်ဆက်သာယာဖို့အတွက်၊ တည်ငြိမ်ဖို့အတွက်၊ အေးချမ်းဖို့အတွက်၊ လုံခြုံဖို့အတွက် ခန့်မှန်းထားတဲ့ ရည်ရွယ်ချက်တွေပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးရမယ်၊ တိုးတက်ရမယ်၊ ငြိမ်းချမ်းရမယ်၊ အချင်းချင်း ရင်ကြားစေ့မှုရှိရမယ်။ နောက်ပြီး အားလုံးကနေ လက်ခံနိုင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အခိုင်အမာ ရပ်တည်စေမယ့် ဖွဲ့စည်းပုံတစ်ခုရှိဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်တွေ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ပြည်သူလူထုကို ပေးခဲ့တဲ့ကတိအတိုင်း ကြိုးစားပြီးတော့ အကောင်အထည်ဖော်နေပါတယ်။

ငြိမ်းချမ်းရေးနဲ့ ပတ်သက်ရင် ၂၁ ရာစုပင်လုံ ညီလာခံကြီးကို စတင်နိုင်ခဲ့ပါပြီ။ ငြိမ်းချမ်းရေးဆိုတာဟာလည်း အမျိုးသားရင်ကြားစေ့ရေးနဲ့ လက်တွဲပြီးတော့ တစ်ကြိမ်တည်းမှာလုပ်ရမယ့် ကိစ္စဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူလူထုရဲ့ ဘဝစီးပွားတိုးတက်ဖွံ့ဖြိုးရေးဆိုတာဟာလည်း နိစ္စဓူဝ ကျွန်မတို့လုပ်ဆောင်နေတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ အခုဆိုရင် မကြာမီကာလက လွှတ်တော်မှာစပြီး စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးခြေလှမ်းများကိုစပြီးတော့ လှမ်းပြီဆိုတာကို ပြည်သူလူထုအားလုံး အသိဖြစ်ပါတယ်။ ပြည်သူလူထုကိုပေးခဲ့တဲ့ ကတိတွေကို တတ်စွမ်းသမျှ တည်အောင် ကြိုးစားပါတယ်။

**ပြည်သူလူထုပါဖို့က အဓိကကျ**

ဒါပေမယ့် ကျွန်မတို့ပဲလုပ်လို့ မရပါဘူး။ စောစောကပြောတဲ့အတိုင်း နိုင်ငံတစ်နိုင်ငံအတွက် အရေးပါတဲ့ကိစ္စတွေ တကယ်အောင်မြင်ဖို့လိုတဲ့ ကိစ္စတွေမှာ ပြည်သူလူထုပါဖို့က အဓိကကျပါတယ်။ ဒီနေ့ဟာ အင်မတန်မှ နေ့ထူးနေ့မြတ်ဖြစ်တဲ့ ရှမ်းပြည်နယ်နေ့၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုရဲ့ မျိုးစေ့တွေကို ပထမဦးဆုံးချပြီးတော့ ပေးလိုက်တဲ့နေ့မှာ ကျွန်မတို့ရဲ့ပြည်ထောင်စုသားသမီးများဟာ အားလုံးဝိုင်းဝန်းပြီး အားလုံးမျှော်လင့်တောင့်တ အိပ်မက်နေကြတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် အားသွန်ခွန်စိုက်ရှိသမျှ အရည်အချင်းတွေ၊ စွမ်းအားတွေနဲ့ လုပ်ကြပါစို့လို့ ကျွန်မအနေနဲ့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းတိုင်းရင်းသားနာယက ဦးစိုင်းနွဲ့တောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခင်မောင်ညွှန့်နှင့် ဒေါ်နန်းခင်ထားရီတို့က (၇၂) နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ “တို့ရှမ်းပြည်ပွဲတော်” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ ဦးစီးဥက္ကဋ္ဌများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**ဖျော်ဖြေတင်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲ ကျင်းပမည့် အဝေရာ (မီးပုံးပျံကွင်း)သို့ ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များက ရှမ်းရိုးရာကိန္နရီ ကိန္နရာအက၊ ဒေါင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ရိုးရာ မီးပုံးပျံပညာရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားများသည် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် စိန်နားပန်မီးပုံးပျံနှင့် မီးပုံးပျံငယ်များကို လွှတ်တင်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်သည်။

ညစာသုံးဆောင်နေစဉ်အတွင်း ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုပြသကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များက မိမိတို့၏ ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းများပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေသည့် တိုင်းရင်းသားရိုးရာအဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပန်းခြင်း ပေးအပ်စဉ်။ သတင်းစဉ်

# မြန်မာ-နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ်မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၇

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ် မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ယနေ့ကျင်းပသည်။** (အောက်ပုံ)



အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး H.E. Mr. Ben King တို့က ဦးဆောင်ကျင်းပခဲ့ကြသည်။

**အလေးထားဆွေးနွေး**

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကဏ္ဍများကို အလေးထား ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်**

ထို့အပြင် မြန်မာ-နယူးဇီလန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးတွဲကတိကဝတ်ပြုမှုသဘောတူညီချက်(၂၀၁၇-၂၀၂၁) ပါ အဓိကကဏ္ဍများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ အသိပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေးတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်နှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

အမြဲတမ်းအတွင်းဝန်က နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်**

နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ အာဆီယံဒေသဆိုင်ရာ အဆောက်အဦနှင့် အင်ဒို-ပစိဖိတ် အဆိုပြုချက်တို့ကိုလည်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် နယူးဇီလန် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး H.E. Mr. Ben King နှင့် နယူးဇီလန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား M-Gallery ဟိုတယ်၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသဦးစီးဥက္ကဋ္ဌများနှင့် တွေ့ဆုံ

**တောင်ကြီး ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသ ဦးစီးဥက္ကဋ္ဌများနှင့် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးဟိုတယ်၌ တွေ့ဆုံသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသ ဦးစီးဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

### တိုင်းရင်းသားလူမျိုးပေါင်းစုံရှိ

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တောင်ကြီးမြို့အခြေအနေသာမက ရှမ်းပြည်နယ်တစ်ခုလုံး၏ အခြေအနေကိုပါ ခြုံငုံ၍ ဆွေးနွေးပေးကြစေလိုပါကြောင်း၊ တောင်ကြီးမြို့တွင် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသဖြင့် ရှမ်းပြည်နယ်အတွက် စံနမူနာဖြစ်စေချင်ပါကြောင်း၊ ပြည်ထောင်စုကြီးအတွင်းက ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုး၊ ဘာသာပေါင်းစုံနေထိုင်ကြသဖြင့် ပြည်ထောင်စုပုံစံအသေးစားဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိလျှင် ပြည်ထောင်စုအတွက် မျှော်မှန်းချက်လည်းဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အနေဖြင့် အခုမလုပ်ပေးနိုင်လျှင် မလုပ်ပေးနိုင်သေးသည့်အကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ လုပ်ပေးနိုင်သည်ကို ရအောင်လုပ်ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအကြားတွင် လည်းကောင်း၊ ဒေသများအကြားတွင် လည်းကောင်း၊ လူတန်းစားအလွှာများအကြားတွင် လည်းကောင်း ချိန်ခွင်လျှာညီမျှအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှိပါကြောင်း၊ တိုင်းရင်းသားများအကြားတွင် အေးအေးချမ်းချမ်း မျှမျှတတ ပူးပေါင်းနေထိုင်ဆောင်ရွက်နေသည့်စိတ်ဓာတ်ကို ပြည်ထောင်စုတစ်ခုလုံးသို့ ပြန့်ပွားစေရေး ကူညီကြစေလိုပါကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်းပြောကြား

ယင်းနောက် ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသ ဦးစီးဥက္ကဋ္ဌများက နိုင်ငံတော်အစိုးရအပိုင်းက ဆောင်ရွက်ပေးစေလိုသည့် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်ချင်းဖြည့်ဆည်းပေးနိုင်မည့် တင်ပြချက်များ၊ အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည့် တင်ပြချက်များနှင့် အချိန်ယူအလေးအနက်ထား ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာ သန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ ကယန်း (ခ) ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဇေလှ၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ဗုဒ္ဓဘာသာ ဥက္ကဋ္ဌ ဦးညွန့်မောင်၊ ခရစ်ယာန်ဘာသာ ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဦးယောန၊ ဟိန္ဒူဘာသာနာယက ဦးရိုပါးလ်၊ အစ္စလာမ်ဘာသာ နာယက ဦးမော၊ ဗဟိုရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမောင်တင်၊ အင်းအမျိုးသားနေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းဇော်၊ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လှ၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးကျိုလီချန်၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းဝဏ္ဏဝင်း၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးဖရန်စစ္စကို၊ လားဟူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ နာယက ဦးလောင်ယု (ခ) ဦးအောင်ဝင်း၊ အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းကျော်၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘရန်ဒီ၊ 'ဝ'စာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက ဦးညီနပ်၊ ဂုံရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးစိုင်းဆိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပန်းစည်းများပေးအပ်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူများက ရှမ်းအိုးစည်တီးခတ်၍ တိုးနရားအကများ ကပြကာ ကြိုဆိုကြပြီး မူလတန်းကျောင်းသား ကျောင်းသူလေးများက ဂါရဝပြုပန်းစည်းများ ပေးအပ်ကြသည်။

### ရှမ်းရိုးရာအကဖြင့်ကြိုဆို

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း Kindergarten စာသင်ဆောင်သို့ ရောက်ရှိကြရာ KG အတန်း၌ ပညာသင်ယူနေကြသည့် တိုင်းရင်းသားကလေးများက ရှမ်းအိုးစည်ဗုံမောင်းများကို တီးခတ်ပြီး ရှမ်းရိုးရာအကဖြင့် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Kindergarten ၊ Grade-1၊ Grade-2 နှင့် Grade-11 စာသင်ဆောင်များ၌ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူလေးများ၏ သင်ကြားသင်ယူမှု၊ တတ်မြောက်မှု၊ တိုင်းရင်းသားဘာသာစကားပြောဆိုမှု၊ စည်းကမ်းရှိမှု၊ အချိန်လေးစားမှု၊ ကျောင်းသားကျောင်းသူလေးများ၏ ရည်မှန်းချက်၊ ဝါသနာတို့ကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် အဆိုပါကျောင်းအစည်းအဝေးခန်း၌ တွေ့ဆုံပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် လမ်းညွှန်အမှာစကားပြောကြားခြင်းထက် ဆွေးနွေးချင်ပါကြောင်း၊ မိဘဆရာများနှင့် အဓိကဆွေးနွေးချင်သည်မှာ တောင်ကြီးမြို့၏ ပညာရေးစနစ်၊ ရှမ်းပြည်နယ်၏ ပညာရေးစနစ်၊ တစ်နိုင်ငံလုံး၏ ပညာရေးစနစ်နှင့်ပတ်သက်၍ ဆွေးနွေးစရာများရှိပါက ဆွေးနွေးစေချင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်သည် ကလေးများဖြစ်ကြောင်း၊ နိုင်ငံ၏ ပညာရေးစနစ်ခိုင်မာမှ နိုင်ငံတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေခြင်းသည် အမြဲဖြစ်နေမည့်ကိစ္စမဟုတ်သည်ကို ကလေးများအား ရှင်းပြခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးစနစ်ကို မြှင့်တင်ပေးရန်အင်မတန်မှ အရေးကြီးပါကြောင်း။

KG အတန်းများကို သွားသည့်အခါ ကလေးများမှာ တိုင်းရင်းသားမျိုးစုံက တက်ရောက်သင်ကြားနေသည်ကို တွေ့ရကြောင်း၊ တိုင်းရင်းသားပေါင်းစုံ အေးအေးဆေးဆေး ချစ်ချစ်ခင်ခင် တွေ့ရပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကလေးများတတ်သော ဘာသာစကားတိုင်းကို အနည်းဆုံး နှုတ်ဆက်ရုံအတွက် တစ်ယောက်ကို တစ်ယောက် သင်ပေးရန်လိုကြောင်း၊ ဘာသာစကားများကို အစကတည်းက နှုတ်ဆက်နည်း၊ ကျေးဇူးတင်ပါသည်ဟု ပြောနည်းများကို သင်ပေးခြင်းသည် အခြေခံအားဖြင့် မိမိတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို ချပြခြင်းဖြစ်သည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

***စာမျက်နှာ ၆ သို့***



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

ကလေးများအနေဖြင့် မကြောက်တတ်သော်လည်း ရိုရို သေသေ၊ ယဉ်ယဉ်ကျေးကျေးရှိသည့်အပြင် ရှက်တတ်ကြပါကြောင်း၊ စကားပြောဆိုရင်းဖြင့် အရှက်ပြေလာပါက ပြောရဲဆိုရဲရှိလာသည့်အပြင် သူတို့တတ်ကျွမ်းသည်များကို ပြချင်သောစိတ်လည်းရှိ၍ မိမိကိုယ်ကိုယုံကြည်မှုရှိသည်ကို တွေ့ရသည့်အတွက် ယင်းမှာ အောင်မြင်မှုတစ်ခုပင်ဖြစ်ပါကြောင်း။

ပညာရေးစနစ်နှင့်ပတ်သက်ပြီး အားမရသည်များရှိသော်လည်း အထက်ပါအချက်များသည် အောင်မြင်မှုတစ်ခုဟု ပြောရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်းကလေးများအနေဖြင့် ရန်ကုန်ပတ်ဝန်းကျင်ရှိ ကျောင်းများနှင့်ကွာပါကြောင်း၊ ဆရာဝန်ဖြစ်ချင်သူ တော်တော်နည်းပါကြောင်း၊ ရန်ကုန်ပတ်ဝန်းကျင်ရှိ ကျောင်းများတွင် အများအားဖြင့် မိဘများ၏ သင်ကြားပေးမှုသို့မဟုတ် စံနှုန်းစံထားများကြောင့် ဆရာဝန်ဖြစ်ချင်သူတော်တော်များပါကြောင်း၊ မည်သည့်အတွက် ဖြစ်ချင်သည်ကိုပြောရာ၌ အများအားဖြင့် လူ့အသက်ကယ်ချင်သည့် အတွက်ဟု ပြောပါကြောင်း၊ ဆရာဝန်ဖြစ်ပါက ဂုဏ်ရှိသည်ဟု ပတ်ဝန်းကျင်မှ သင်ကြားထား၍ ယခုလိုဖြစ်ချင်ကြသည်ဟု မြင်ပါကြောင်း၊ ယခုကျောင်း၌ ဆရာဝန်ဖြစ်ချင်သူများထက် ဘာသာစကား သင်ချင်သူများ များပြားသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် ဝမ်းသာပါကြောင်း၊ ယခုကဲ့သို့ ရန်ကုန်မြို့ကြီးတွင် ပိုပြီးရှိသင့်သည်ဟု မိမိစဉ်းစားပါကြောင်း။

**ပြန်လည်ကြည့်ရှုပေးစေချင်**

ယခုအတန်းထဲတွင် ယောကျ်ားလေး သုံးပုံတစ်ပုံလောက်သာ တက်ရောက်သင်ကြားနေသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် စိုးရိမ်မိပါကြောင်း၊ မည်သည့်အတွက်ကြောင့် ယခုလိုနည်းပါးရသည်ကိုလည်း အဖြေမပေးနိုင်ကြပါကြောင်း၊ တစ်ယောက်ကပြောသည်မှာ အချို့က ကျောင်းထွက် အလုပ်လုပ်ပြီး အချို့က ဘာမှမလုပ်ဘဲ နေနေကြကြောင်း၊ ယင်းကို မိဘများနှင့် ဆရာ ဆရာမများအနေဖြင့် ပြန်လည်ကြည့်ရှုပေးစေချင်ပါကြောင်း၊ ကျောင်းမတက်သည့် ယောကျ်ားလေးများသည် မိဘများကိုကူညီပြီး စီးပွားရေးလုပ်နေသလား၊ အလုပ်လုပ်နေသလား၊ လမ်းပေါ်ရောက် နေသလား သို့မဟုတ် လက်ဖက်ရည်ဆိုင်မှ အရက်ဆိုင် ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးအဆင့်အထိရောက်သွားမည်ကို မိမိအနေဖြင့် စိုးရိမ်ပါကြောင်း။

**ပြဿနာများဖြစ်လာနိုင်**

မိမိတို့နိုင်ငံတွင် အထက်တန်းကျောင်းအဆင့်သို့ ယောကျ်ားလေးများ ဆက်ပြီးမနေကြသည်မှာ များလာပါကြောင်း၊ တက္ကသိုလ်များ၌ မိန်းကလေးများ ပိုများလာသည်ကို မိမိတို့အနေဖြင့် ဒီလိုပဲဆိုပြီးနေ၍မဖြစ်ကြောင်း၊ ပညာမပြည့်စုံသည့် ယောကျ်ားလေးများသည် အနာဂတ်တွင် လူမှုအသိုင်းအဝိုင်းအတွက် ပြဿနာများဖြစ်လာနိုင်ပါကြောင်း၊ ၎င်းတို့ မိဘများမှတစ်သက်လုံး လုပ်ကျွေးထားနိုင်မည်မဟုတ်ပါကြောင်း။

**ကျောင်းနေနှုန်းပိုပြီးတက်လာနိုင်**

ထို့ကြောင့် မိမိအနေဖြင့် ယောကျ်ားလေးများ ကျောင်းဆက်နေချင်အောင် သင်ရိုးညွှန်းတမ်းများကို မည်သို့ပြောင်းလဲမည်၊ စာမေးပွဲများတွင်အမှတ်ပိုများအောင် မည်သို့လုပ်ရမည်ကို ပညာရေးဝန်ကြီးနှင့်တိုင်ပင်၍ အမျိုးမျိုးစဉ်းစားရပါကြောင်း၊ ယောကျ်ားလေးများ ၁၈ နှစ်နှင့် ၂၀ ဝန်းကျင်တွင် ရင့်ကျက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ပညာရေးစနစ်အရ တက္ကသိုလ်ဘာသာရပ်များ သင်ယူနိုင်ရန် အချိန်နည်းသွားမည်ကိုလည်း ထည့်တွက်ရပါကြောင်း၊ ထို့ပြင် ယောကျ်ားလေးများအတွက် ထူးချွန်နိုင်မည့်ဘာသာရပ်များကို မည်သို့ထည့်သွင်းပေးသင့်သည်အထိ စဉ်းစားရပါကြောင်း၊ ယခုကျောင်းကို အခြေခံပြီးပညာရေးစနစ်နှင့် ပတ်သက်ပြီး အကြံပြုလိုသည်များကို အကြံပြုစေလိုပါကြောင်း၊ ကျောင်းဆရာများ များလာပါက ယောကျ်ားလေးများ ကျောင်းနေနှုန်း ပိုပြီးတက်လာနိုင်သည်ဟု ထင်ပါကြောင်း။

ကျောင်းမှ မိဘဆရာအသင်းအနေဖြင့် မိမိနှင့်တွေ့ဆုံစဉ် အဓိကအားဖြင့် ပထမဦးဆုံး ကျောင်းကိုအခြေခံပြီး ပညာရေးစနစ်နှင့်ပတ်သက်၍ အကြံပြုချင်သည်များကို အကြံပြုကြပါ၊ ထို့ပြင် တစ်နိုင်ငံလုံး၏ ပညာရေးစနစ်နှင့်ပတ်သက်၍ အကြံပြုချက်များနှင့် သိချင်တာများကို မေးမြန်းကြပါ၊ ပညာရေးဝန်ကြီးကိုယ်တိုင် ပါလာသည့်အတွက် ပညာရေးမူဝါဒများကို အသေးစိတ် ရှင်းပြနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ယင်းနောက် ကျောင်းသားမိဘများနှင့် ကျောင်းအုပ်ဆရာကြီးတို့က ကျောင်း၏ လိုအပ်ချက်၊ ကလေးများ လိမ္မာယဉ်ကျေးမှုရှိရေးနှင့် ကျူရှင်သင်ကြားမှုကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေနှင့် မိဘဆရာများအပိုင်းက ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အဆောက်အဦ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက ဦးအောင်ကိုဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်

**တက်ရောက်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အဆောက်အဦဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက ဦးအောင်ကိုဝင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က အဆောက်အဦကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အဆောက်အဦဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါရုံးခန်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အဆောက်အဦဖွင့်ပွဲကို တက်ရောက်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းသာပါကြောင်း၊ ပြီးခဲ့သည့်ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လှည့်လည်ကြည့်ရှုခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာရှိသည်ကို တွေ့ရှိခဲ့ပါကြောင်း။

**များစွာပြောင်းလဲသွား**

မိမိရောက်ရှိခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လောက်က အခြေအနေနှင့် ယခုအခြေအနေသည် များစွာပြောင်းလဲသွားပါကြောင်း၊ ပြောင်းလဲသွားသည်မှာလည်း အားရစရာကောင်းပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရာတွင် မှန်မှန်ကန်ကန်ပုံစံနှင့် ဖွံ့ဖြိုးတိုးတက်ရန်လိုသည်ဆိုသည်ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကို အထူးပြောရန်လိုအပ်မည်ဟု မထင်ပါကြောင်း၊ အသင်းအတွက် ယခုကဲ့သို့ နေရာတစ်ခု ဖွင့်ပေးခြင်းသည် မိမိတို့၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အားပေးသည့်အနေဖြင့် လုပ်ဆောင်ပေးသည်ဆိုသည်ကို မိမိတို့ သဘောပေါက်ပါကြောင်း၊ ထိုကဲ့သို့ အားပေးသည့်အတိုင်းပင် ဖြစ်မြောက်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် စဉ်းစားလိုက်လျှင် သမိုင်းမှာပင် ကုန်သည်များသည် မိမိတို့နိုင်ငံတွင် အရေးပါသည့်ကဏ္ဍကို တွေ့မြင်မိပါကြောင်း၊ မိဖုရားဖွားစောက ကုန်သည်များသည် ပြည်သူ့ဝမ်းဗိုက်ဟု ပြောခဲ့ပါကြောင်း၊ ပြည်သူ့ဝမ်းဗိုက်ကို မဖောက်ကောင်းပါကြောင်း၊ ယခုထက်ထိလည်း မှန်နေပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတစ်နိုင်ငံ၏ ဝမ်းဗိုက်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံသူနိုင်ငံသားများ၏ စားဝတ်နေရေးကောင်းမွန်လာစေရန်၊ ဖွံ့ဖြိုးလာစေရန် များစွာထောက်ပံ့ကူညီနိုင်သည့် အသိုင်းအဝိုင်းဖြစ်ပါကြောင်း။

**အောင်မြင်မှုရရှိရန်အလွန်အရေးကြီး**

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ ပါဝင်လာရေးကို ကြိုဆိုအားပေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ရန်ဆိုသည်မှာ အလွှာအသီးသီး၊ လူတန်းစားအသီးသီး၊ နေရာအသီးသီး၊ ဒေသအသီးသီး အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်ပါကြောင်း၊ ယခုအချိန်တွင် အောင်မြင်မှုရရှိရန် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် မိမိအနေဖြင့် ပြည်သူပြည်သားများ၏ အရည်အချင်းကို ယုံကြည်သည့်အတွက် စိန်ခေါ်မှုများကို စိုးရိမ်ကြောင့်ကြမှု မရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူစွာလုပ်ဆောင်နိုင်ရန် အစိုးရအနေဖြင့် တာဝန်ယူသည့်အချိန်ကစပြီး ဥပဒေပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်ဆိုသည်ကို အထူးတလည်ပြောရန် လိုအပ်မည်ဟုမထင်ပါကြောင်း၊ မကြာခင်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင်လည်း အားလုံးပြောကြားပြီး ဖြစ်ပါကြောင်း။

**ညီညီမျှမျှတိုးတက်စေချင်**

မိမိတို့ ယခု ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ဆောင်ရွက်နေသည့် နည်းစနစ်များသည် စီးပွားရေးလုပ်ရန် ပိုမိုလွယ်ကူစေရန်၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန်နှင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် မိမိတို့ ပြည်သူအများ အကျိုးစီးပွားရရှိစေရန်အတွက် ဦးတည်ကာ အပြောင်းအလဲများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အပြောင်းအလဲများ ဆောင်ရွက်သည့်အခါ မိမိတို့နိုင်ငံ၏ အနေအထားကို မမေ့ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံပါဝင်သည့် ပြည်ထောင်စုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်း တိုးတက်သည့်နေရာတွင် ညီညီမျှမျှတိုးတက်စေချင်ပါကြောင်း၊ အားလုံးသည် အေးအတူပူအမျှစိတ်ဓာတ်ဖြင့် ပြဿနာများရှိပါကလည်း အတူတူကျော်လွှားပြီး ကောင်းကျိုးများကိုလည်း အတူတူမျှဝေခံစားရင်းဖြင့် မိမိတို့ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်စေချင်ပါကြောင်း။

*စာမျက်နှာ ၇ သို့*




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တိုင်းရင်းသားအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၆ မှ*

မိမိတို့၏ အဓိကအရင်းအမြစ်သည် လူသားအရင်းအမြစ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတပစ္စည်း ပေါကြွယ်ဝသည့်နိုင်ငံဟု အားကျသည့် ပုဂ္ဂိုလ်များလည်း ရှိပါကြောင်း၊ သယံဇာတဆိုသည်မှာ ပြုန်းတီးသွားနိုင်ရုံသာမက ရှိနေသည့် အချိန်တွင်ပင် မှန်မှန်ကန်ကန် မသုံးတတ်ပါက အကျိုးရှိသင့်သလောက် ရှိမည်မဟုတ်ပါကြောင်း၊ အမှန်တကယ် အရေးကြီးသည်မှာ မိမိတို့၏ လူသားအရင်းအမြစ်ပင်ဖြစ်ပါကြောင်း။

**လူသားအရင်းအမြစ် တန်ဖိုးရှိ**

ထို့ကြောင့် မိမိအနေဖြင့် ခရီးသွားသည့်အခါ တတ်နိုင်သမျှ စာသင်ကျောင်းများကို ကြည့်ရှုပါကြောင်း၊ ထိုကဲ့သို့ ကျောင်းများကို ကြည့်ရှုသည့်အခါ အားတက်စရာကောင်းပါကြောင်း၊ ယနေ့တွင် အထက(၂)ကျောင်းကို ဝင်ရောက်ကြည့်ရှုခဲ့ပါကြောင်း၊ KG မှအစ တက္ကသိုလ်ဝင်တန်းအထိ ကလေးများအားလုံးသည် အားရစရာဟု ထင်မြင်မိပါကြောင်း၊ ကလေးများကို အဓိကသဘောကျသည်မှာ ကြောက်စိတ် အင်မတန်နည်းပါးပါကြောင်း၊ သူစိမ်းလူကြီးများ လာလည်သည့်အတွက် အနည်းငယ်ရှက်သော်လည်း မကြောက်ကြပါကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းကျောင်းသားများ၏ အမျိုးမျိုးသော ရည်ရွယ်ချက်နှင့် စိတ်ကူးများက စိတ်ဝင်စားဖို့ကောင်းပါကြောင်း၊ မိမိတို့ လူသားအရင်းအမြစ်သည် အင်မတန်ကြီးမားတန်ဖိုးရှိ၍ အကောင်းဆုံးဖြစ်အောင်သုံးရန် မေတ္တာရပ်ခံချင်ပါကြောင်း။

မိမိတို့အနေဖြင့် သဘာဝသယံဇာတပစ္စည်းများကို မှန်မှန်ကန်ကန်သုံးစွဲရန် အရေးကြီးသည့်အပြင် လူသားအရင်းအမြစ်ကို မှန်မှန်ကန်ကန် ပြုစုပျိုးထောင်ရေးက ပိုအရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက်လူသားအရင်းအမြစ်ကို အဓိကထား ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံချင်သူများ များပြားလာသည့်အတွက် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ယင်းကို ပြည်နယ်အစိုးရအနေဖြင့် သိရှိသည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ရှမ်းပြည်နယ်သည် ရင်းနှီးမြှုပ်နှံသူများ မျက်စိကျစရာနေရာတစ်ခုဖြစ်သည့်အတွက် အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း။

**စီးပွားရေးလုပ်ငန်းရှင်ကြီးများ ဝိုင်းဝန်းကူညီပေးရန်**

မိမိတို့ ပြည်သူများ၏ စွမ်းအားများနှင့် ရတနာများကို အထူးတန်ဖိုးထား ဂရုစိုက်ပြုစုပျိုးထောင်၍ နိုင်ငံ၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ ယင်းမှာ ယခုမျိုးဆက်အတွက်သာမက နောင်မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် မဆုံးနိုင်အောင် နိုင်ငံ၏တာဝန်များကို ထမ်းဆောင်သွားမည့် လူငယ်၊ လူလတ်ပိုင်းနှင့် လူကြီးပိုင်းကို မွေးထုတ်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဝိုင်းဝန်းပြီးကူညီပေးကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံချင်ပါကြောင်း။

မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း နာယက ဦးအောင်ကိုဝင်းက ယခုအဆောက်အဦ ဖြစ်ပေါ်လာအောင် ကူညီသည့်အတွက် မိမိအနေဖြင့် အားရပါကြောင်း၊ ယခုလို နိုင်ငံတိုးတက်နိုင်ရန်အတွက် ကိုယ့်တွင်ရှိသည့် စွမ်းအားများကို မျှဝေသုံးမည်ဆိုပါက မိမိတို့နိုင်ငံသည် ချမ်းသာသော နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ဆင်းရဲသည့် နိုင်ငံမဟုတ်ပါကြောင်း၊ GDP ကိုကြည့်ပြီး ဆင်းရဲချမ်းသာမသတ်မှတ်ဘဲ နိုင်ငံသူ နိုင်ငံသားအချင်းချင်း မျှတချင်တဲ့စိတ်၊ တစ်ဦးအပေါ်တစ်ဦး စေတနာထားသည့်စိတ် မြင့်မားပါက မိမိတို့သည် ချမ်းသာသောနိုင်ငံတစ်ခုဖြစ်သည်ဟု ပြော၍ရပါကြောင်း၊ ယနေ့ ကျောင်းတွင်တွေ့ခဲ့ရသော ကလေးများ၏ ပျော်ရွှင်မှုသည် အင်မတန်ချမ်းသာပြီး ကမ္ဘာပေါ်တွင် အတိုးတက်ဆုံးဆိုသည့် နိုင်ငံများမှ ကလေးများ၏ ပျော်ရွှင်မှုထက် မနိမ့်ကျပါကြောင်း။

မိမိတို့၏ကလေးများကို စိတ်ဓာတ်ရေးရာအရ၊ ဉာဏ်ပညာရေးရာအရ ဖွံ့ဖြိုးတိုးတက်အောင် ဆက်ပြီးလုပ်သွားနိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးမှုသည် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ဆက်ပြီး တိုးတက်သွားမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဖြစ်အောင် ကူညီပေးကြသည့် မိမိတို့နိုင်ငံနှင့် ပြည်သူလူထု၏ ဝမ်းဗိုက်များဖြစ်ကြသော ကုန်သည်ကြီးများသည် ယခုအဆောက်အဦက စပြီး ပိုမို၍ တစ်နေ့ထက်တစ်နေ့ တိုးပြီး နိုင်ငံ၏ အကျိုးကို ထမ်းဆောင်နိုင်ပါစေ၊ ရှမ်းပြည်နယ်တောင်ပိုင်းသာမက ပြည်နယ်တစ်ခုလုံး၊ ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်ကြပါစေဟု မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့ပါကြောင်း ပြောကြားသည်။

**အသင်းဖွဲ့စည်းတည်ထောင်မှုတင်ပြ**

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ကြိုဆိုနှုတ်ခွန်းစကားပြောကြားပြီး အသင်းဖွဲ့စည်းတည်ထောင်ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး တည်ဆောက်ရာတွင် ရန်ပုံငွေ ပံ့ပိုးကူညီခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက ဦးအောင်ကိုဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် WEWG ဥက္ကဋ္ဌ ဒေါ်နန်းမိုမိုသီတာတို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရ သစ်သီးခြင်းလက်ဆောင် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တိုင်းရင်းသားအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ငမိုးရိပ်ချောင်းပေါ်တွင် အစင်း ၂၀ မြောက် တောင်ဒဂုံ-သုဝဏ္ဏ တံတားသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်(၁) မိုးကုတ်လမ်းနှင့် သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ- ကမာကြည်လမ်းတို့ကို ဆက်သွယ်ပေးသည့် တောင်ဒဂုံ-သုဝဏ္ဏ တံတားသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတံတား တောင်ဒဂုံဘက်အခြမ်းတွင် ကျင်းပခဲ့သည်။**

**ပြည်သူလူထုအတွက် အခွင့်အလမ်း**

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် "ဒီတံတားကြီးဟာ အရည်အသွေးကောင်းမွန်ပြီး ရေရှည်တည်တံ့ခိုင်မြဲမယ့် တံတားကြီးတစ်စင်း ဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ယူဆပါတယ်။ ဒီတံတားကြီး ပေါ်ထွန်းလာတဲ့အပေါ်မှာ ပြည်သူလူထုတွေအတွက်တော့ အခွင့်အလမ်းကောင်းတွေ များစွာရှိမှာ ဖြစ်ပါတယ်။ တံတားမရှိစဉ်က အခြေအနေနဲ့ တံတားရှိလာတဲ့ အခြေအနေမှာ ဒီဘက်နယ်မြေတစ်ကြောမှာရှိတဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဟာ ပိုမိုတန်ဖိုးမြင့်တက်လာမှာ ဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**ဖြတ်သန်းကြည့်ရှု**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်ဒဂုံ-သုဝဏ္ဏ တံတားသစ်၏ ပင်မတံတားအရှည်မှာ ၈၄၆ ပေရှိပြီး ချဉ်းကပ်လမ်း ပေ ၃၉၀ အပါအဝင် စုစုပေါင်း တံတားအရှည်မှာ ၁၂၃၆ ပေရှိကြောင်း သိရသည်။ တံတားပေါ်တွင် ယာဉ်သွားလမ်းအကျယ် ၂၆ ပေ ရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ရေအတက်ဆုံးအချိန်တွင် ၁၈ ပေခန့်ရှိကြောင်း သိရသည်။ ငမိုးရိပ်ချောင်းအတွင်း ရေလမ်းအကျယ်မှာ ၁၇၇ ပေ ရှိကြောင်း သိရသည်။

**ကျပ်သန်းပေါင်း ၅၈၀၀ ခန့်ကုန်ကျ**

အဆိုပါတံတားကို မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကာ MMA Consultant (Myanmar) Co., Ltd က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့၍ ၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ တံတား၏ ကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၅၈၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။



တောင်ဒဂုံ-သုဝဏ္ဏ တံတားသစ်ဖွင့်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ - အာကာစိုး

ဒဂုံမြို့သစ်တောင်ပိုင်းတွင် နှစ်ပေါင်း ၂၅ နှစ်ကျော်နေထိုင်ခဲ့သည့် အမှတ်(၂၄) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက "အခု သုဝဏ္ဏဆိုရင် အားချင်းရောက်တယ်။ အရင်ကတော့ သုဝဏ္ဏအသင်းတိုက် မီးပွိုင့်တို့ ဘာတို့ကို ပတ်ပြီးသွားရတယ်။ တစ်နာရီလောက် ကြာတယ်။ အခုကတော့ ငါးမိနစ်၊ ၁၀ မိနစ်အတွင်း ရောက်သွားတော့မှာပါ"ဟု ပြောသည်။

**အစင်း ၂၀ မြောက် တံတား**

ယနေ့ဖွင့်လှစ်သော တောင်ဒဂုံ-သုဝဏ္ဏတံတားသစ်မှာ ငမိုးရိပ်ချောင်းပေါ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားများအနက် အစင်း၂၀ မြောက် တံတားတစ်စင်းဖြစ်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွက် ဒုတိယမြောက် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

## ကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်အားလုံးတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနေဖြင့် စီးပွားဖြစ် စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားခွင့် ရရှိမည်

အစည်းအဝေးတွင် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရခဲ့သော ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ၎င်းပြည်နယ်များအတွက် အထူးကင်းလွတ်ခွင့်ပေး၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအရ ကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်အားလုံးတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနေဖြင့် စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ အခြားဖွံ့ဖြိုးမှု အသင့်အတင့်ရှိသော ဒေသများတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်နှင့် ဖွံ့ဖြိုးမှုရှိသော ဒေသများတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃ နှစ် စီသာ ခံစားခွင့်ပြုသောကြောင့် အခြားဒေသများထက် ကယားပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်များတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်အား ပိုမိုအလေးထားပါကြောင်း၊

## ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ၊ ပြပွဲများကို စဉ်ဆက်မပြတ် ဆက်လက်ကျင်းပ၍ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆွဲဆောင်သွားမည်

ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကလည်း လေ့လာမှုများ၊ တင်ပြမှုများရှိနေပြီး ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုပြပွဲကိုလည်း ၂၀၁၉ ခုနှစ် မတ်လတွင် ဆက်လက်ကျင်းပမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ၊ ပြပွဲများကို စဉ်ဆက်မပြတ် ဆက်လက်ကျင်းပ၍ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆွဲဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းများအနေဖြင့် ကယားပြည်နယ်အတွက် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုများ အခွင့်အလမ်းများအား သိရှိ၍ ရင်းနှီးမြှုပ်နှံလာနိုင်ရန်အတွက် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း လေ့လာမှုအစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၏ Website တွင် အများပြည်သူလေ့လာသိရှိနိုင်ရန် ဖိတ်ခေါ်ဖော်ပြထားသည့်အတွက် အဆိုပါဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဝင်ရောက်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကော့သောင်းမြို့နယ်တွင် လုံလောက်သောမြေနေရာ မရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ယာဉ်ရပ်နားစခန်းတိုးချဲ့ရန် မရှိသေး

ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **ကော့သောင်းမြို့တွင် မော်တော်ယာဉ်ရပ်နားသည့်စခန်း တိုးချဲ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ကော့သောင်းမြို့နယ်တွင် ယာဉ်ရပ်နားစခန်း တိုးချဲ့ဆောင်ရွက်နိုင်ရန် လုံလောက်သောမြေနေရာမရှိသဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ယာဉ်ရပ်နားစခန်းတိုးချဲ့ရန် မရှိသေးပါကြောင်း၊ တိုးပွားလာသည့် ယာဉ်လိုင်းများအတွက် လုံလောက်သော ယာဉ်ရပ်နားစခန်း ပေါ်ပေါက်လာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ခေတ်မီယာဉ်ရပ်နားစခန်း တစ်ခုအား တည်ဆောက်နိုင်ရေးအတွက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင်ရှိသော ယာဉ်ငယ်ရပ်နားစခန်း(၂)တွင် ယာဉ်ရောင်းဝယ်ရေးစခန်းဖွင့်မည်ဆိုပါက ရတနာလမ်းတစ်လျှောက်တွင်ရှိသော ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန်**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက တောင်ဥက္ကလာပမြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်း ယာဉ်ငယ်ရပ်နားစခန်း(၁)နှင့် (၂)ကို ယာဉ်ရောင်းဝယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ပါရန် လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ တောင်ဥက္ကလာပမြို့နယ်တွင် အဓိကလမ်းမကြီးများဆုံရာနေရာဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများအား လျှော့နည်းစေရန် ရည်ရွယ်ပြီး အများပြည်သူသုံး သီးသန့်ယာဉ်ရပ်နားရာနေရာအဖြစ် ကလေးကစားကွင်းနှင့် အားကစားကွင်းများထည့်သွင်း၍ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သံသုမာနှင့် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ယာဉ်အရောင်းအဝယ် ပြုလုပ်လိုသူများအနေဖြင့် ယင်းစခန်းများတွင် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ယင်းယာဉ်ငယ်ရပ်နားစခန်းနှစ်ခုတွင် ယာဉ်များရပ်နားရန်သာမက ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်၍ ယာဉ်ညအိပ်ရပ် နားခွင့်ပြုမည်ဆိုပါက သံသုမာနှင့် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းများတွင်လည်း အလားတူယာဉ်ညအိပ်ထားခွင့် တောင်းဆိုမှုများ ရှိလာနိုင်ခြင်းတို့ကို သုံးသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊

## တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံရှိ ယာဉ်ရပ်နားစခန်း(၂)အား ယာဉ်ရောင်းဝယ်ရေး စခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိ

ထို့ကြောင့် ယာဉ်ရောင်းဝယ်ရေးလုပ်ကိုင်သူများ၏ အသုံးပြုခွင့်ပေးပါရန် တင်ပြစာနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပသည့် ကော်မတီဝင် အစည်းအဝေးက ယာဉ်ရောင်းဝယ်ရေးစခန်းများ တစ်ခုပြီးတစ်ခု တိုးချဲ့ဖွင့်လှစ်ပေးရန် မသင့်ဘဲ ယာဉ်ရောင်းဝယ်သူများက နိုင်ငံတော်ကို သတ်မှတ်အခွန်အခပေးဆောင်၍ မိမိကိုယ်ပိုင် Show Room ဖွင့်လှစ်ဆောင်ရွက်ရန်ဟု ဆုံးဖြတ်ထားရှိပါကြောင်း၊ ဖော်ပြပါ ယာဉ်ရပ်နား စခန်းနှစ်ခုတွင် ယာဉ်ရောင်းဝယ်ရေးလုပ်ကိုင်သူများ အနေဖြင့် ယာဉ်များရပ်နား၍ လုပ်ငန်းဆောင်ရွက်လိုပါက ကျသင့်သည့် ယာဉ်ရပ်နားခ တန်ဖိုးပေးချေ၍ ရပ်နားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံရှိ ယာဉ်ရပ်နားစခန်း(၂)အား ယာဉ်ရောင်းဝယ်ရေးစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ လက်ရှိ ယာဉ်ရပ်နားစခန်းအတိုင်းသာ ထားရှိမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၊ ဒဂုံ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးနှင့် သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က **နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ် အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့် မညီညွတ်ပါက ခွင့်ပြုချက်ရုပ်သိမ်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များ အတွက် အမှန်တကယ်အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့်ကာလ အဆက်ဆက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရများ၏ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အနှံ့အပြားတွင် နိုင်ငံပိုင်မြေယာများ၊ အဆောက်အအုံများနှင့် လုပ်ငန်းများကို လွှဲပြောင်းရယူပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုသည့် ကတိကဝတ်အမျိုးမျိုးဖြင့် ရယူခဲ့သည့် စီမံကိန်းများအနက် တချို့သည် လုံးဝအကောင်အထည်ဖော်မှုမရှိသေးခြင်း၊ တစ်ပိုင်းတစ်စအကောင်အထည် ဖော်ဟန်ပြ၍ ရပ်ဆိုင်းထားခြင်းများ ရှိနေပါကြောင်း၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်မှ မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက မကြာခဏမေးမြန်းခဲ့ကြပြီး ပြတ်သားသည့်အဖြေနှင့် မူဝါဒများ ဖြစ်ပေါ်မလာသေးသည့်အတွက် ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့် မိမိတို့လွှတ်တော်မှ ဆုံးဖြတ်ချက် ချမှတ်ပေးသင့်ပြီဟု ယုံကြည်သည့်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း၊

## အမှန်တကယ်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်

နိုင်ငံ၏ မြေယာ၊ အဆောက်အအုံနှင့် လုပ်ငန်းအရင်းအမြစ်များအပေါ် အခြေခံ၍ ငှားရမ်းထားမှု၊ ဖက်စပ်ဆောင်ရွက်မည်ဟု သဘောတူထားမှု စသည့်နည်းအမျိုးမျိုးဖြင့် ရယူထားကြသည့် လုပ်ငန်းစီမံကိန်းများကို ပြန်လည်စိစစ်၍ အစိုးရအဖွဲ့အစည်းများနှင့် ထားရှိခဲ့သော ကတိကဝတ်များအတိုင်း အရေးယူခြင်း၊ ပြန်လည်သိမ်းယူခြင်း၊ ကြပ်မတ်ခြင်း၊ ကာလပေါက်ဈေးနှင့် သဘာဝမကျသည့်အရာများကို ပြင်ဆင်ခြင်းများ အမြန်ဆုံးလုပ်ဆောင်ရန် လွှတ်တော်က ဆုံးဖြတ်ချက်ပေးနိုင်မှသာ ပြည်ထောင်စုအစိုးရက ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ နှစ်ရှည်အခြေခံအဆောက်အဦ အစီအစဉ်ဒီဇိုင်းများနှင့်အညီ အမှန်တကယ်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုများရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက ရှင်းလင်းတင်ပြပြီး သဘောတူသင့်သည့် အချက် ၃၂ ချက်နှင့် သဘောမတူသည့်အချက် ၃၆ ချက်တို့ကို အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အချက်များနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ညွှန်ကြားချက်များနှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတောတည်ထောင်ရန် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စု ရေပေါ်သောင်ကွင်း ကွင်းအမှတ် (၁၁၄၃)ရှိ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ ဧက ၁၉၀ အား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတောတည်ထောင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လျှောက်ထားမြေဧရိယာ စုစုပေါင်း ၁၉၀ အနက် လယ်မြေ ၃၉ ဒသမ ၇၂ ဧကကို ချန်လှပ်၍ ကျန်မြေများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၊ ဒီရေတော တည်ထောင်ခွင့်ပြုကြောင်း မွန်ပြည်နယ်သစ်တောဦးစီးဌာနသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ထို့ကြောင့် စုစုပေါင်း ဧရိယာ ၁၉၀ အနက် လယ်မြေ ၃၉ ဒသမ ၇၂ ဧကကို ချန်လှပ်ပြီး ကျန်မြေများကို ဒေသပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော၊ ဒီရေတောတည်ထောင်ရန် အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်းတွင် မြန်မာဝန်ထမ်း ၁၆၀၀ ကျော် ခန့်ထားပြီး စီမံကိန်းဝန်းကျင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနေ

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၏ **အရှုံးဖြင့် လည်ပတ်နေသော တကောင်းနီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် အမြတ်ခွဲဝေခံစားသည့် စာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော Myanmar CNMC Nickel Co., Ltd အားထုတ်လုပ်မှု ရပ်ဆိုင်းရန် အစီအစဉ် ရှိ၊ မရှိ၊ ဒီဇိုင်းပါ ဖယ်ရိုနီကယ် တစ်တန် ထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၅၂၀၀ နှုန်းအား ပြန်လည်ဆန်းစစ်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက တကောင်းတောင် ဖယ်ရိုနီကယ် စီမံကိန်းတွင် မြန်မာဝန်ထမ်း ၁၆၀၀ ကျော် ခန့်ထားပြီး စီမံကိန်းဝန်းကျင်ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေစေပြီး စီမံကိန်းသုံး ကုန်ကြမ်းများကို ပြည်တွင်းက ဝယ်ယူသုံးစွဲလျက်ရှိခြင်း၊ ကုမ္ပဏီအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူမှု (CSR) ရန်ပုံငွေအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သုံးသိန်းထားရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ဒီဇိုင်းပါ ဖယ်ရိုနီကယ်သတ္တုသားတစ်မက်ထရစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅၂၀၀ နှုန်းကို ပုံသေယူပြီး တွက်ချက်ထားခြင်းမှာလည်း ထိုအချိန်က သတ္တုသိုက်ပိုင်ရှင် နိုင်ငံတော်အစိုးရနှင့် ကုမ္ပဏီဘက်က စာချုပ်သက်တမ်းနှစ် ၂၀ စာအတွက် ပျမ်းမျှယူပြီး တွက်ချက်ထားခြင်းဖြစ်ပါကြောင်း၊ တကောင်းဖယ်ရိုနီကယ် စီမံကိန်း၏ ၁၀ နှစ်တာထုတ်လုပ်မှု ဆောင်ရွက်ခဲ့သည့်အပေါ် ပြန်လည်စိစစ်သုံးသပ်နိုင်ရန်အတွက် စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်၊ နှစ်စဉ်တူးဖော်ထုတ်လုပ်သည့် သတ္တုရိုင်းပမာဏ၊ နှစ်စဉ်ထုတ်လုပ်သည့် ဖယ်ရိုနီကယ်ပမာဏ၊ နီကယ်သတ္တုပါဝင်နှုန်း၊ သံသတ္တုပါဝင်နှုန်း စသည့်အချက်အလက်များအပေါ် စိစစ်ရေးကော်မတီအနေဖြင့် စစ်ဆေးပြီး နိုင်ငံတော်အတွက် ပိုမိုရရှိနိုင်မည့်အချက်များကို စိစစ်သုံးသပ်ကာ Myanmar CNMC Nickel Co., Ltd နှင့် ထိပ်တိုက်ဆွေးနွေး၍ မူလစာချုပ်ကို ပြင်ဆင်ဖြည့်စွက်ရန် ဆန်းစစ်သုံးသပ် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

## တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူအတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က **အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်**ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)က** မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေသည် အများပြည်သူ အလွယ်တကူနားလည်နိုင်သည့် စကားလုံးဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာလည်း လက်ခံလာသည့် စကားလုံး ဖြစ်ပါကြောင်း၊ အခြားဥပဒေများတွင်လည်း သုံးထားသည့် စကားလုံးများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြီစားပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဟု သုံးနှုန်းလိုက်သည်နှင့် တရားရုံးများ၌ အဓိပ္ပာယ်ဖွင့်ဆိုသည့်အခါတွင် လည်းကောင်း၊ ကျောင်းသုံးစာအုပ်များတွင် ရေးထားသည့် လူမွဲခံယူခြင်းဆိုင်ရာဆိုသည့် နေရာများတွင် လည်းကောင်း၊ မြန်မာနှင့် အင်္ဂလိပ်အဘိဓာန်များတွင်လည်းကောင်း၊ လူမွဲဆိုသည့် စကားလုံးနှင့် ပတ်သက်သည့် စာစောင်နှင့် ဆောင်းပါးများတွင်ရှိသည့် စကားလုံးများတွင် အကုန်လုံးလိုက်၍ ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေသည် အထူးသင့်လျော်သည့် စကားလုံးဖြစ်သည့်အတွက် ယင်းစကားရပ်ကိုပင် ပြန်လည်သုံးစွဲရန် ဆွေးနွေးတင်ပြခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

## ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို ဆွေးနွေး

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၏ **ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်**က အဆိုရှင် အဆိုပြုထားခြင်းမှာလည်း တရားခွင်တက်သော တရားသူကြီးများသည် အမှုသည်များ၊ သက်သေများကဲ့သို့ ကျမ်းထုပ်ကိုင်၍ ပြည်သူများယုံကြည်အားကိုးပြီး ဖြောင့်မတ်မှန်ကန်တရားမျှတသော တရားစီရင်ရေးဖြစ်ကြောင်း ပွင့်လင်းမြင်သာမှုရှိစေရန် တရားသူကြီးများ ကျမ်းကျိန်ဆိုသင့်သည်ကို တင်ပြထားခြင်း ဖြစ်ပါကြောင်း၊ တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရမည်ဟု တရားစီရင်ထုံးရှိခဲ့ရာ ၎င်းစီရင်ထုံးသည် မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်တွင် လမ်းညွှန်ထားပါသဖြင့် အမှန်တရားကို ရိုးသားဖြောင့်မတ် တည်ကြည်စွာ တရားစီရင်ဆောင်ရွက်ပေးကြမည့် တရားသူကြီးများအနေဖြင့် ကျမ်းသစ္စာကျိန်ဆိုပေးနိုင်ရန် ဝန်လေးမည် မဟုတ်ပါကြောင်း ယုံကြည်ပါသဖြင့် အဆိုရှင်၏အဆိုအား ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

## ကျမ်းသစ္စာကျိန်ဆိုရေးဥပဒေတွင် တရားသူကြီးများသည် ကျမ်းသစ္စာကျိန်ဆိုရမည်ဟု ပြဋ္ဌာန်းချက်မပါဝင်

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်**က ကျမ်းသစ္စာကျိန်ဆိုရေးဥပဒေတွင် တရားသူကြီးများသည် ကျမ်းသစ္စာကျိန်ဆိုရမည်ဟု ပြဋ္ဌာန်းချက် မပါဝင်ပါကြောင်း၊ ထို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်ကို အဓိကမောင်းနှင်နေသည့် တရားသူကြီးများအပေါ် ပြည်သူတစ်ရပ်လုံးက ယုံကြည်မှုကင်းမဲ့နေခြင်းဖြစ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်ပြိုလဲမှုမဖြစ်စေရေး၊ ပြည်သူများက တရားရုံးများအပေါ် အမှန်တရားအတွက် အားကိုးလာရေး၊ တရားသူကြီးများအပေါ် ယုံကြည်မှု၊ ကြည်ညိုလေးစားမှု ရရှိလာရေးအတွက် တရားရေးမဏ္ဍိုင်ကို မတိမ်းစောင်းစေရန် အဓိကမောင်းနှင်နေသည့် တရားသူကြီးများအား ကျမ်းသစ္စာကျိန်ဆိုနိုင်ရေးအတွက် ကျမ်းသစ္စာကျိန်ဆိုရေး ဥပဒေကို ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## အပတ်စဉ် စနေ၊ တနင်္ဂနွေ ဖွင့်လှစ်လျက်ရှိသည့် ရန်ကုန်စာအုပ်လမ်းတွင် ထူးခြားသည့်အစီအစဉ်များပါဝင်ပြီး စာပေချစ်သူများ လာရောက်လေ့လာနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် စာအုပ်ဆိုင်ခန်း (၁၀၀)ခန့်ဖြင့် Yangon Book Street ၏ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ အပတ်စဉ် အစီအစဉ်များအဖြစ် ၉-၂-၂၀၁၉(စနေနေ့) မွန်းလွဲ ၁ နာရီတွင် စာရေးဆရာဟိန်းလတ်၏ စာပေစကားဝိုင်းအစီအစဉ်၊၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် Save the Library and Public Librarians Support Group တို့က ကျောင်းစာကြည့်တိုက်နှင့် ပြည်သူ့စာကြည့်တိုက် (၅၀) အတွက် Big Bad Wolf စာအုပ်ပွဲမှ အလှူခံရရှိသော စာအုပ်များအား တစ်သိန်းဖိုးစီ လှူဒါန်းခြင်းနှင့် စာကြည့်တိုက်မှူးဆုချီးမြှင့်ခြင်းအစီအစဉ် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရုပ်ရှင်သရုပ်ဆောင် စည်သူမောင် ပါဝင်ကူညီပြီး Quality Publishing House နှင့် ဆုပြည့်စုံထွန်းစာပေတို့မှ ထုတ်ဝေထားသော နာမည်ကြီးစာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ အစီအစဉ်နှင့် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ အုပ်ရေ (၁၀၀၀)ကို စနေ့/တနင်္ဂနွေ မွန်းတည့် ၁၂ နာရီ နောက်ပိုင်းတွင် ပေးဝေမည့်အစီအစဉ်တို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသဖြင့် စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာ ဖြေဆိုဝယ်ယူနိုင်ကြပါရန် သတင်းကောင်းပါးအပ်ပါသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းနှင့် လောင်းကစားဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
## ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten ကို ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) ကိစ္စရပ်များနှင့် ယင်းပူးတွဲကြေညာချက်ကို ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) အကောင်အထည်ဖော်ရေးကိစ္စနှင့် ယင်းသို့ အကောင်အထည်ဖော်ရာတွင် စွမ်းရည်မြှင့်တင်ရန်အတွက် နည်းပညာအကူအညီများ ကုလသမဂ္ဂမှ ပေးအပ်ရေးကိစ္စအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ ယာယီဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်
## နယူးဇီလန်နိုင်ငံမှ Deputy Secretary Mr. Ben King အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး Mr. Ben King နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီး H.E. Mr. Steve Marshall တို့အား ယနေ့ညနေ ၅ နာရီတွင် M-Gallery Hotel နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်မှ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်နေမှုများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် နယူးဇီလန်နိုင်ငံ၏ Ombudsman Office က ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ **သတင်းစဉ်**



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး Mr. Ben King နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီး H.E. Mr. Steve Marshall တို့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## သီပေါ၌ ရှမ်းပြည်နယ်နေ့ အခမ်းအနား ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၇**

(၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသဘာပတိ ဦးဆန်စိုင်းသာညွန့်က အမှာစကားပြောကြားပြီး (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က ဖတ်ကြားသည်။

ရှမ်းပြည်နယ်နေ့ ကျင်းပရခြင်း အကြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်က ပြောကြားသည်။

ထို့နောက် ရှမ်းရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြပြီး ရှမ်းရိုးရာအကများဖြင့် စည်ကားစွာ ကျင်းပကြောင်း သိရသည်။

**စိုင်း (သီပေါ)**

❇ *ကျောဖုံးမှ*

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်များအနေဖြင့် နိုင်ငံ့အရေးအတွက် ပြည်သူများအတွက် တစ်ဖြောင့်တည်း ရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ၂၀၁၅ ခုနှစ် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းကောင်းပီသစွာ ကူညီဆောင်ရွက်ပေးမှုများက အရေးပါသောအချက်တစ်ချက်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အောက်ခြေအဆင့်အထိ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကြား ပြဿနာတစ်စုံတစ်ရာမရှိသည့် အခြေအနေများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ အောက်ခြေအဆင့်အထိ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်စေလွှတ်ရေး၊ ထိုင်းနိုင်ငံရှိ IDP စခန်းများမှ မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများကို ဥပဒေနှင့်အညီ စောင့်ရှောက်ပေးမည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို လက်ရှိအဆင့်ထက် ပိုမိုမြင့်တက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြမည့်အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ဂုဏ်ပြုချီးမြှင့်**

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ponpipt Benyasri အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်တံဆိပ်ကို ချီးမြှင့်အပ်နှင်းတပ်ဆင်ပေးသည်။ ယင်းဂုဏ်ထူးဆောင်တံဆိပ်မှာ ပြည်ပတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား ပထမဆုံးအကြိမ် ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းဖြစ်ပြီး General Ponpipat Benyasri မှာ ပထမဆုံး ချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်ဖြစ်သည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းတပ်ဆင်ပေးစဉ်။** ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

❖ *ကျောဖုံးမှ*

တွေ့ဆုံပြီး နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်နေသည့် မူဝါဒများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထိုအရာများကို ဝန်ထမ်းများ လေ့လာသိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးယန္တရားသည် နိုင်ငံတော်၏ အဓိကကျောရိုးမကြီးဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေ တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် နိုင်ငံရေးစနစ်အသက်ဝင်အောင် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီဖက်ဒရယ်စနစ်အတွက် အသင့်ဖြစ်စေရန် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကိုလည်း အစီအစဉ်တကျ ဆောင်ရွက်သွားနိုင်ရန် အထူးပင်အရေးကြီးပါကြောင်း။

**ပြုပြင်ပြောင်းလဲလိုစိတ်ကို အခြေခံ**

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူညီချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်တွင် ပြောင်းရွှေ့ဖွဲ့စည်းတာဝန် ထမ်းဆောင်စေခဲ့ပြီးဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ပြီးနောက်တွင် ပထမဆုံးအနေဖြင့် အုပ်ချုပ်ရေးယန္တရားတည်ငြိမ်ရန် Stability ကို ဦးစွာအလေးပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု Administrative Reform ကို စဉ်တိုက်ဆက်တိုက် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရွှေ့အပြောင်းကြောင့် မလိုလားအပ်သည့် အခက်အခဲမဖြစ်ပေါ်အောင် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေး ကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမသုံးလတာကို ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နောက်လာမည့် သုံးလတာအတွင်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်အောင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံနှင့် ပြုပြင်ပြောင်းလဲလိုစိတ်ကို အခြေခံပြီး ပညာရှင်များ၏ ဆန်းစစ်လေ့လာသုံးသပ်မှုများနှင့်ဆက်စပ်ကာ လက်တွေ့ကျကျ အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**လုပ်ငန်းစဉ်များ ချမှတ်သွားရန် စီစဉ်ထား**

ယခုလထဲမှာပင် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်တွင် ကျင်းပသွားရန်စီစဉ်နေပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများ၊ သင်ခန်းစာများ၊ နမူနာယူစရာကိုအခြေခံပြီး အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် အခြေအနေများတွင် ဘယ်အရာတွေကို ပြုပြင်ကြမည်၊ ဘယ်အရာတွေကို ပြုပြင်သင့်သည်ကို ကိုယ်တိုင်ကိုယ်ကျ စဉ်းစားသုံးသပ်၊ အချင်းချင်းအပြန်အလှန် ဆွေးနွေးကြပြီး အပြောင်းအလဲများ ဖော်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်သွားရန် စီစဉ်ထားပါကြောင်း။

မိမိတို့၏ ရည်ရွယ်ချက်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စတင်ပြီး စဉ်းစားသုံးသပ်သည့် အချိန်မှစ၍ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ ပြုပြင်လိုသည့်၊ ပြောင်းလဲလိုသည့် အတွေးအခေါ်၊ အယူအဆများ ပါဝင်နေရန် ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများကိုယ်တိုင် ယုံယုံကြည်ကြည်လေးလေးနက်နက် ပါဝင်မှုလည်း မိမိတို့မျှော်မှန်းသည့် ပြုပြင်ပြောင်းလဲမှုများက အကောင်အထည်ပေါ်၊ အရာထင်လာမည်ဖြစ်သည်ဟု ယုံကြည်ထားပါကြောင်း။

**စမ်းသပ်အကောင်အထည်ဖော်**

တစ်ဆက်တည်းမှာပင် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီက အစိုးရအဖွဲ့အတွင်းရေးမှူးများကို မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း စိတ်ကြိုက်မြို့တစ်မြို့စီ ရွေးချယ်ပြီး ဦးစားပေးသုံးမြို့ကို ပြန်တင်ပြနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ယင်းမှာ "ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခုစီမံချက်" One State - One Township Project ဟု ခေါ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များသည် မိမိတို့နယ်မြေအတွင်း အလားအလာအကောင်းဆုံး မြို့တစ်မြို့စီ ရွေးချယ်ပြီး သတ်မှတ်ကာလအတွင်းတွင် အောင်မြင်အောင်လုပ်ကြရန် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး မြို့တိုင်းမြို့တိုင်းတွင် တစ်ပြေးညီလုပ်မည်ဆိုပါက ကြွေးကြော်သံသာရှိပြီး လက်တွေ့အကောင်အထည်မပေါ်နိုင်သည်ကို မိမိတို့ နားလည်ပါကြောင်း၊ ထို့ကြောင့် တစ်ပြည်နယ်ကို တစ်မြို့နယ်လောက်သာ ရွေ့ပြေးအနေဖြင့် စမ်းသပ်အကောင်အထည်ဖော်သွားရန်ရှိပါကြောင်း။

❒ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းပြောင်း ခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြဆောင်ရွက်ပေးနိုင်ရန်၊ ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်

**ပြည်သူနှင့်အတူ စုပေါင်းပြီးပုံဖော်**

ထို့ကြောင့် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ "ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု မြို့နယ်တစ်ခုစီမံချက်" အောင်မြင်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ပိုမိုအားထုတ်၊ ပိုမိုကြိုးပမ်းကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း၊ ပြုပြင်လိုစိတ် ပြင်းပြမည်ဆိုပါက အပြောင်းအလဲများ ဆက်တိုက်ဖြစ်လာမည်၊ အဆိုပါအပြောင်းအလဲများကို ပြည်သူနှင့်အတူ စုပေါင်းပြီး ဖန်တီးပုံဖော်ပေးရန် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ တာဝန်ဖြစ်သည်ကို နှလုံးသွင်းထားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**စံနမူနာပြဆောင်ရွက်ပေးနိုင်ရန်**

နိဂုံးချုပ်အနေဖြင့် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များမည်သို့ပင်ပြောင်းပြောင်း ခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြဆောင်ရွက်ပေးနိုင်ရန်၊ ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အလေးအနက်ထားမှာကြားလိုသည့် အဓိကအချက် (၃)ချက် ရှိပါကြောင်း။

နံပါတ်(၁)မှာ ပြည်သူလူထုပါဝင်မှုကို မြှင့်တင်ပေးသည့် အထွေထွေအုပ်ချုပ်ရေး ဖြစ်ပေါ်လာအောင် လူထုနှင့်တွေ့ဆုံပါ။ လူထုနှင့်တိုင်ပင်ပါ။ လူထုဆီက အကြံဉာဏ်ယူပါ။ လူထုအတွက် အမြဲအသင့်ရှိနေအောင် ကြိုးစားပါ။ ပြည်သူလူထုနှင့် တစ်သားတည်းရပ်တည်ဆောင်ရွက်တတ်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ကြိုးပမ်းပေးကြပါဟု မှာကြားလိုပါကြောင်း။

**အဂတိလိုက်စားမှု အရေးယူသွားမည်**

နံပါတ်(၂)မှာ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်ပေးကြပါ။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်၍ လူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေအောင် ဂရုတစိုက်ဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ လာဘ်ပေးလာဘ်ယူကင်းစင်ပြီး သန့်ရှင်းသည့် အထွေထွေအုပ်ချုပ်ရေးယန္တရားဖြစ်အောင် ဦးတည်ကြိုးပမ်းသည့်နေရာတွင် မိမိတို့အနေဖြင့် အဂတိလိုက်စားမှုများကို ပြင်းပြင်းထန်ထန်အရေးယူသွားမည် ဖြစ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲလိုစိတ် မွေးမြူ**

နံပါတ်(၃)မှာ ပြုပြင်မှုပြောင်းလဲမည်ဆိုသည်ကို သိထားပြီးဖြစ်သည့်အတွက် အပြောင်းအလဲများကို ရှေးရှုပြီး ပြုပြင်သင့်သည်များ ရဲရဲတင်းတင်းပြုပြင်ကြရန်၊ မည်သည့်ကဏ္ဍတွင်ပဲဖြစ်ဖြစ် ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ တစ်ဦးချင်း၏ စိတ်ဓာတ်၊ ယုံကြည်မှု၊ ခံယူချက်များမှစတင်သည့်အတွက် ပြုပြင်ပြောင်းလဲလိုစိတ် ခိုင်ခိုင်မာမာ မွေးမြူကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာ ဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် နယူးဇီလန်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အမေရိကဒေသဆိုင်ရာ လက်ထောက်ဝန်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) အား အကောင်အထည်ဖော်ရေးနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂမှ နည်းပညာအကူအညီနှင့် အကြံဉာဏ်များ ပေးအပ်နိုင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂယာယီဌာနေ ကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby တို့ တက်ရောက်ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အမေရိကဒေသဆိုင်ရာလက်ထောက်ဝန်ကြီး H.E. Mr. Ben King အား မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် အပြုသဘောဆောင်သော အထောက်အပံ့များ ဆက်လက်ပေးအပ်သွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနက ရေးဆွဲ၍ လွှတ်တော်သို့ တင်ပြရန် ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်သည့်မှုခင်းများကို တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေ၊ အထူးဥပဒေများဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့တို့အကြား ချုပ်ဆိုထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် အမျိုးသမီးများ အပါအဝင် အရပ်သားများအား ကာကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကိစ္စ၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ ဥပဒေများ ပြည့်စုံကောင်းမွန်စေရန် သုံးသပ်အကြံပြုခြင်း၊ တရားစွဲဆို အရေးယူသည့်လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သူများကို သင်တန်းများပို့ချခြင်း တို့တွင် ပံ့ပိုးကူညီနိုင်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## အကူအညီလိုအပ်နေသည့် နီပေါနိုင်ငံသူတစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ကူညီပေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် ရောက်ရှိတည်းခိုနေသော နီပေါနိုင်ငံသူတစ်ဦး အကူအညီလိုအပ်နေသောကြောင့် ရှာဖွေကယ်တင်ပေးရန် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီခွဲခန့်က ဆက်သွယ်အကူအညီတောင်းခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ သတင်းစုံစမ်းထောက်လှမ်းခဲ့ရာ နီပေါနိုင်ငံသူ အမျိုးသမီးအား ပုဇွန်တောင်မြို့နယ်အတွင်းရှိ တည်းခိုခန်းတစ်ခု၌ ည ၈ နာရီ ၄၅ မိနစ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နီပေါနိုင်ငံသူ အမျိုးသမီးအား စစ်ဆေးမေးမြန်းရာ ၎င်းသည် လွန်ခဲ့သောတစ်လခန့်က ကူဝိတ်နိုင်ငံတွင် အိမ်ဖော်အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးတစ်ဦးနှင့် အဆက်အသွယ်ရရှိခဲ့ပြီး အိမ်ဖော်အလုပ်လုပ်ကိုင်ရန် စည်းရုံးခေါ်ဆောင်ခဲ့သဖြင့် သွားရောက်လုပ်ကိုင်ရန် နီပေါနိုင်ငံမှ ပွဲစားတစ်ဦးနှင့်ဆက်သွယ်ခဲ့ကြောင်း၊ ပွဲစားက ၎င်းအား နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံကိုဖြတ်၍ မြန်မာနိုင်ငံ တမူးမြို့သို့ ပို့ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ရာမှ ယခုတည်းခိုနေသည့်နေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သော်လည်း ခေါ်ဆောင်လာသူ ပွဲစားနှင့် ဖေဖော်ဝါရီ ၄ ရက်မှစတင်ကာ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး နေရပ်သို့ ပြန်လိုသောကြောင့် နီပေါနိုင်ငံရှိ အစ်ကိုဖြစ်သူထံ အကြောင်းကြားခဲ့ရာမှ အစ်ကိုဖြစ်သူက နီပေါနိုင်ငံရှိ မြန်မာသံရုံးသို့ ဆက်သွယ်အကူအညီတောင်းခံခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါနီပေါနိုင်ငံသူအမျိုးသမီးကို မြန်မာနိုင်ငံ ဂေါ်ရခါးအမျိုးသမီးရေးရာအဖွဲ့၏ အကူအညီဖြင့် စောင့်ရှောက်ထားရှိပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် နီပေါနိုင်ငံသံရုံးသို့ ဆက်သွယ်အပ်နှံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**ရဲပြန်ကြား**



ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အဆင့်မြင့်လယ်ယာမြေပေါ်တွင် ဆောင်ရွက်ထားသော တစ်မြို့တစ်ရွာ စီမံကိန်းကျေးရွာဖြစ်သည့် ပုဂံတောင်ကျေးရွာနှင့် ဘော့သပြေကန်ကျေးရွာတို့တွင် GAB အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး လျှောက်ထားသော တောင်သူများ၏ လုပ်ငန်းမှတ်တမ်းများနှင့် စိုက်ကွင်းများအား ကွင်းဆင်းစစ်ဆေးစဉ်။

သန်းဝင်း (သန်လျင်)

## မြန်မာစာပေနှင့် ဘာသာစကားအရေး ဟောပြောဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်နှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့ စီစဉ်သည့် မြန်မာစာပေနှင့် မြန်မာဘာသာစကား အဝေးမြင် အနီးမြင်အမည်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် **(စနေနေ့)** မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**ပထမဆုံးစီစဉ်တဲ့ ဟောပြောပွဲ**

“နိုင်ငံခြားတက္ကသိုလ်တွေမှာ မြန်မာစာပေဆိုင်ရာနဲ့ ဘာသာစကားသိပ္ပံဆိုင်ရာ ပါမောက္ခ၊ ဧည့်ပါမောက္ခ သုံးဦးက မြန်မာစာပေနှင့် မြန်မာဘာသာစကားဆိုင်ရာ ဟောပြောမှာ ဖြစ်ပါတယ်။ ဟောပြောမယ့် ပညာရှင်သုံးဦးက ဦးစောထွန်း(စောလူ)၊ ဒေါက်တာ သိန်းထွန်းနဲ့ ဒေါက်တာ ကိုလေးတို့ ဖြစ်ပါတယ်။ စာပေဗိမာန်နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းတို့ ပထမဆုံးစီစဉ်တဲ့ ဟောပြောပွဲဖြစ်ပါတယ်”ဟု ယင်းအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သူ ဦးသန်းအုန်းက ပြောသည်။

**မည်သူမဆို တက်ရောက်နိုင်**

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမား ၂၇ ဦး ပြန်လည်ရောက်ရှိလာမှုအပေါ် အရေးယူဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

Yellow Dawn Services Co., Ltd မှ ထိုင်းနိုင်ငံ Pornroj Construction Co., Ltd နှင့် Northstar Civil Co., Ltd တို့သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် စေလွှတ်ထားသည့် အလုပ်သမား ၁၉၈ ဦးအနက် မောင်ရဲထွဋ်ပါ အလုပ်သမား အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၆ ဦး၊ စုစုပေါင်း ၂၇ ဦးသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မြဝတီမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ယင်းအလုပ်သမားများသည် ထိုင်းနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ လုပ်ကိုင်ရန် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်များချုပ်ဆို၍ သွားရောက်ခဲ့ခြင်းဖြစ်သော်လည်း ထိုင်းနိုင်ငံ Chonburi မြို့ရှိ Siam Food Co., Ltd နာနတ်သီးစက်ရုံ၌ လုပ်ကိုင်နေသည့် မောင်ထက်သူအောင်နှင့် ဇနီးဖြစ်သူ မဟန်နီဇာ(ခ)မဇာတို့နှင့် ချိတ်ဆက်ပြီး Siam Food Co., Ltd သို့ ဝင်ရောက်လုပ်ကိုင်ရန် ယင်းတို့၏ဆန္ဒအရ ဆောင်ရွက်ခဲ့ရာမှ လုပ်ငန်းခွင်သို့ ဝင်ရောက်ရမှုမရှိ၍ ပြန်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

အလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လာခြင်းမပြုမီ အလုပ်သမားသံအရာရှိ၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာအေဂျင်စီတို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမားများမှ နစ်နာကြေးပေးရန်နှင့် အလုပ်သစ်ရှာဖွေပေးရန် တောင်းဆိုခဲ့သည်။

မူလလုပ်ငန်းခွင်မှ တရားဝင်လက်မှတ်ရေးထိုး၍ ထွက်ခွာသွားပြီး အလုပ်သစ်ဝင်ရောက်ရန် စောင့်ဆိုင်းနေဆဲကာလတွင် အလုပ်သစ်ထပ်မံရှာဖွေပေးရန်နှင့် နစ်နာကြေးပေးရန် တောင်းဆိုခြင်းသည် ထိုင်းနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆီလျော်မှုမရှိသည့် တောင်းဆိုချက်ဖြစ်၍ ညှိနှိုင်းရာတွင် ပြေလည်မှုမရရှိခဲ့ပေ။

အဆိုပါ အလုပ်သမားများသည် မိမိတို့သဘောဆန္ဒအရ အလုပ်ပြောင်းရွှေ့ခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံ ဥပဒေအရ မူလကတိစာချုပ် ပျက်ပြယ်ကြောင်းနှင့် ထိုင်းနိုင်ငံ၌ ဖြစ်ပေါ်သည့်ကိစ္စရပ်များကို ထိုင်းနိုင်ငံအတွင်းသာ တောင်းဆိုရမည်ဖြစ်ကြောင်း သိရှိရသည်။

အလုပ်သမားများ မြဝတီနယ်စပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာမှုနှင့်စပ်လျဉ်း၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ကရုဏာကြေးအဖြစ် အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ (ကျပ်တစ်ဆယ့်နှစ်သိန်း) နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၄၀၀၀၀ (ကျပ်သုံးရာနှစ်ဆယ့်လေးသိန်းတိတိ) ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် Yellow Dawn Services Co., Ltd မှ အလုပ်သမား ၂၇ ဦးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် Yellow Dawn Services Co.,Ltd သည် အလုပ်သမားများကို လုပ်ငန်းခွင်အရောက်ပို့ဆောင်ပေးရန် ညွှန်ကြားချက်ကို လိုက်နာမှုအားနည်းကြောင်း၊ အလုပ်ရှင်နှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြောင်း စိစစ်တွေ့ရှိရပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်စည်းကမ်းဖောက်ဖျက်မှုအပြင် အေဂျင်စီအနေဖြင့် ၂၀၁၈ ခုနှစ် မေလနှင့် ဇွန်လတွင် ဝန်ခံကတိပြုချက်ပါ အလားတူဖြစ်စဉ်များကို ထပ်မံကျူးလွန်ခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၀၂၀ ခုနှစ် ဇန်နဝါရီ ၁၀ ရက်ထိ Yellow Dawn Services Co., Ltd ၏ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကို တစ်နှစ် ပိတ်သိမ်းခဲ့သည်။

အလုပ်သမားများကို စုဆောင်း၍ ငွေကြေးကောက်ခံခဲ့သည့် မောင်ထက်သူအောင်နှင့် ဇနီးဖြစ်သူ မဟန်နီဇာ(ခ) မဇာတို့၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များကို ပိတ်သိမ်းနိုင်ရေး ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အညီ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မြဝတီမြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အေအေသောင်းကျန်းသူများက မူလတန်းကျောင်းသား၊ ကျောင်းသူများအပါအဝင် တိုင်းရင်းသား ၂၀၀ ခန့်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခေါ်ဆောင်သွား

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်းကျေးရွာနှင့် ခမောင်းဝကျေးရွာတို့မှ မူလတန်း ကျောင်းသား ကျောင်းသူ ၃၈ ဦး အပါအဝင် ရခိုင်တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားစုစုပေါင်း ၂၀၀ ခန့်အား အေအေသောင်းကျန်းသူအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခေါ်ဆောင်သွားကြောင်း သတင်းရရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသူများအား အစဉ်တစိုက်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပြီး ယခုကဲ့သို့ တိုင်းရင်းသားများအား အေအေသောင်းကျန်းသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ခေါ်ဆောင်သွားခြင်းသည် ချစ်ခင်ရင်းနှီးမှုရှိသည့် အိမ်နီးချင်းနှစ်နိုင်ငံအကြား နားလည်မှု လွဲမှားအောင် ဆောင်ရွက်ခြင်းဖြစ်နိုင်သည်ဟုလည်း သိရှိရသည်။ ၂၀၇

# မိုးကုတ်မြို့၊ သဃ်န်းကျွန်းမြို့နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပိန်းပြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီခွဲက မိုးကုတ်မြို့နယ် မိုးကုတ်-မိုးမိတ်ကားလမ်း ဂေါ်ရခါး ကျေးရွာအနီးတွင်တွေ့ရှိသူ ဒေါ်လီမဆားကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၇ ပြားကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီကားမှတ်တိုင်အနီးတွင် တွေ့ရှိသူ ဇော်မင်းလွင်(ခ)ဆာဒမ်ဟူစိန်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ ဟန်လင်းထက်(ခ)ကိုထက်ကို တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက် သရေခေတ္တရာ ၂၂လမ်း၊ အမှတ်(၇၉၃)၊ ဥက္ကလာဟိုတယ်၊ အခန်းအမှတ်(၃၀၁)တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူဖမ်းဆီးရမိခဲ့ပြီး သဃ်န်းကျွန်းမြို့နယ် ၈/ကရပ်ကွက် ရှုပလမ်းသွယ် တိုက်အမှတ်(၈/၄၃)၊(၅)လွှာရှိ ဇော်မင်းလွင်(ခ) ဆာဒမ်ဟူစိန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၀၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။ **ကိုရဲ**



ဟန်လင်းထက်(ခ)ကိုထက်၊ ဇော်မင်းလွင်(ခ)ဆာဒမ်ဟူစိန်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦး ထိုင်းနိုင်ငံဥပဒေများနှင့်အညီ ဖြေရှင်းရန် ပျက်ကွက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရ

နေပြည်တော် ဖေဖော်ဝါရီ ၇

**ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦးဖြစ်သူ ဦးရဲမင်း(ခ)ရဲမင်းကြည်အား ထိုင်းနိုင်ငံတွင် သက်တမ်းလွန်နေထိုင်မှုကြောင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးထိန်းသိမ်းထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။**

အဆိုပါ ဖမ်းဆီး/ထိန်းသိမ်းခံရသူ ဦးရဲမင်းအား ထိုင်းနိုင်ငံတွင် သက်တမ်းလွန်နေထိုင်မှုကြောင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးခဲ့ခြင်းဖြစ်သည့်အပြင် ထိုင်းနိုင်ငံ ဖစ်ပူရီတရားရုံး၊ စမုစခွန်တရားရုံး၊ စမုပကန်တရားရုံးတို့တွင် တရားစွဲဆိုခံထားရပြီး ယင်းအမှုများ ရင်ဆိုင်နေစဉ် ရုံးချိန်းလာရောက်ရန် ပျက်ကွက်ခြင်း၊ တရားရုံးခွင့်ပြုချက်မရှိဘဲ ဒေသကျော်လွန် ခရီးသွားလာခြင်းတို့ကိုလည်း ကျူးလွန်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသားများအရေး ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယခုဖမ်းဆီးခံရသူ ဦးရဲမင်း အမှုကိစ္စအတွက်လည်း ဖမ်းဆီးခံရချိန်မှစ၍ ၎င်း၏ ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခြင်း၊ ၎င်းအား ဖမ်းဆီးထိန်းသိမ်းထားသည့် စခန်းသို့ သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ ဥပဒေကြောင်းဆိုင်ရာ ဆောင်ရွက်ခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အမှုကိစ္စပြီးပြတ်ပါက မြန်မာနိုင်ငံဘက်သို့ နယ်စပ်မှတစ်ဆင့် လွှဲပြောင်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မဟုတ်မမှန်သတင်းထုတ်လွှင့်**

ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေးမဟာမိတ်အဖွဲ့ (Aid Alliance Committee for Myanamar Workers-AAC) က ၎င်းတို့၏ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးရဲမင်း(ခ)ရဲမင်းကြည်အား ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးထိန်းသိမ်းခြင်းမှာ မြန်မာအလုပ်သမားသံအရာရှိရုံးက အကြောင်းကြားမှုကြောင့် ဖြစ်ကြောင်းနှင့် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးခြင်းမရှိကြောင်း အများပြည်သူမှ အထင်အမြင်လွဲမှားအောင် သတင်းလွှင့်ခြင်း၊ အထောက်အထားမဲ့ စွပ်စွဲပြောဆိုပြီး AAC ၏ အင်တာနက်စာမျက်နှာတွင် ရေးသားခြင်းများ ပြုလုပ်နေကြောင်း မြန်မာသံရုံး၏ ရှင်းလင်းတင်ပြချက်အရ သိရှိရသည်။

ထိုင်းနိုင်ငံ သတင်းအထူးတပ်ဖွဲ့ (သံရုံးများအထူးတာဝန်)မှ တစ်ဆင့် စုံစမ်းစိစစ်ချက်အရ ဦးရဲမင်းသည် ထိုင်းနိုင်ငံ၊ ဖစ်ပူရီတရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၈၃)၊ (၉၁)၊ (၁၁၄)၊ (၁၄၈) နှင့် အလုပ်သမားကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ (၄) တို့ဖြင့် လည်းကောင်း၊ စမုစခွန်တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၈၃)၊ (၉၁)၊ (၃၄၁)၊ (၃၄၃) တို့ဖြင့် လည်းကောင်း၊ စမုပကန်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၂၈) ဖြင့် လည်းကောင်း ထိုင်းနိုင်ငံတွင် တရားစွဲဆိုခံထားရပြီး တရားရုံးအာမခံဖြင့် ယင်းအမှုများ ရင်ဆိုင်နေရစဉ် ရုံးချိန်းလာရောက်ရန် ပျက်ကွက်ခြင်း၊ တရားရုံးခွင့်ပြုချက်မရှိဘဲ ဒေသကျော် ခရီးသွားလာခဲ့ခြင်းတို့ကြောင့် အာမခံအခွင့်အရေးချိုးဖောက်မှုဖြင့် ဆက်လက် တရားစွဲဆိုခံထားရခြင်းဖြစ်ကြောင်း သိရှိရသည်။

**ပြစ်မှုဆိုင်ရာ ဥပဒေများ**

ဦးရဲမင်း စွဲဆိုခံထားရသည့် အဆိုပါ ပြစ်မှုဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေပညာရှင်များ၏ ဆွေးနွေးချက်အရ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၈၃) သည် လူနှစ်ဦးထက်ပိုသော လူများက ရန်းရင်းဆန်ခတ်ဖြစ်ပေါ်စေရန် လှုံ့ဆော်စည်းရုံး၍ မှုခင်းဖြစ်ပွားစေခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၉၁)သည် ပြစ်မှုများကို ဆက်တိုက်ဖြစ်ပေါ်စေရန်အတွက် လှုံ့ဆော်ပြုမူခြင်းဖြင့် ပြစ်ဒဏ်ထိုက်သော ပြစ်မှုများကို ကျူးလွန်စေခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၁၁၄) သည် လက်နက်ဖြင့် ပြင်ဆင်၍ ဘေးအန္တရာယ်ဖြစ်စေရန်စည်းရုံးပြီး ပူးပေါင်းကာ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးစေခြင်း၊ အထက်ပါအချက်အရာကို သိလျက်ဖြင့် ထိမ်ချန်ထားခြင်းတို့ဖြစ်ကြောင်း။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄၈)သည် တာဝန်ဝတ္တရားထမ်းဆောင်သူများကို တာဝန်ဝတ္တရားထမ်းဆောင်ခြင်းမပြုနိုင်အောင် အဓမ္မဆန့်ကျင်ပြုမူဆောင်ရွက်ခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၂၉၅)သည် တစ်ပါးသူကို ကိုယ်၊ စိတ်၊ အန္တရာယ်ဖြစ်အောင် ပြုမူဆောင်ရွက်ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၄၁)သည် လိမ်လည်လှည့်ဖျား၍ မသိနားမလည်သူများကို ပစ္စည်းကိုသော် လည်းကောင်း၊ ခန္ဓာကိုယ်ကိုသော်လည်းကောင်း ထိခိုက်စေရန်အတွက် ပြုမူဆောင်ရွက်ခြင်းဖြင့် ပြစ်မှုကျူးလွန်ခြင်းတို့ဖြစ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၄၃)သည် အများပြည်သူများကို လိမ်လည်မှုပြုရာတွင် အမှန်ဖုံးကွယ်ထား၍ တစ်ဖက်သူမှ ယုံကြည်လောက်အောင် စည်းရုံးရာဇဝတ်မှုကို ကျူးလွန်ခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၂၈)သည် စာရွက်စာတမ်း အထောက်အထားများ၊ ဓာတ်ပုံများ ရေးဆွဲခြင်းများ၊ ဗီဒီယိုဖိုင်များစသည်တို့ကို အသုံးချပြီး တစ်ဖက်သူကို အကြည်ညိုပျက်စေရန် မလိုမုန်းထားဖြစ်အောင် ပြုမူဆောင်ရွက်ခြင်းနှင့် အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ (၄)သည် တည်ငြိမ်စွာ လုပ်ကိုင်ရှာဖွေ စားသောက်မှုအား ပျက်စီးစေခြင်းတို့ဖြစ်ကြောင်း အကြမ်းဖျဉ်း သိရှိရသည်။

ထို့ပြင် ဦးရဲမင်းသည် မြန်မာနိုင်ငံ သဃ်န်းကျွန်းမြို့နယ်နှင့် မြဝတီမြို့နယ် တရားရုံးတို့တွင် အမှုစွဲဆိုထားရှိရာတွင်လည်း ရင်ဆိုင်ဖြေရှင်းမှုမရှိဘဲ ရှောင်တိမ်းနေသဖြင့် ဖမ်းဝရမ်းထုတ်ပြန်ခြင်း ခံထားရသူဖြစ်ကြောင်း သိရသည်။

**တရားဝင်သံရုံးစာဖြင့် ပေးထားခြင်းမရှိ**

မြန်မာသံရုံးအနေဖြင့် ယင်းဖြစ်စဉ်ဖြစ်ပွားသည့်အချိန်အထိ မြန်မာနိုင်ငံမှ ထုတ်ထားသည့် ဖမ်းဝရမ်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိုင်းနိုင်ငံဘက်သို့ တရားဝင်သံရုံးစာဖြင့် ပေးထားခြင်းမရှိသည့်အပြင် ဦးရဲမင်းအမှုတွဲတွင် အလုပ်သမားသံရုံးမှ ထုတ်ပေးထားသည်ဆိုသောစာအား Unregistered အဖြစ် ပြုလုပ်ထားပြီး ထိုင်းနိုင်ငံ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့များသို့ အကြောင်းကြားထားပြီး ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့က အောက်တိုဘာလ ၂၂ ရက်နေ့ကတည်းက IDC ကို သွားခဲ့တယ်။ ထိန်းသိမ်းခံရမှုနဲ့ပတ်သက်ပြီး ကူညီနိုင်တာတွေ အားလုံးကို ကူညီပေးခဲ့တာပါ။ သူ့ကို ထိန်းသိမ်းခံရတာနဲ့ ပတ်သက်ပြီးတော့လည်း ရှေ့နေတွေ၊ မိသားစုဝင်တွေကိုလည်း တွေ့ဆုံဆွေးနွေးတာတွေ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာနိုင်ငံသား အလုပ်သမားတွေအားလုံးကို လိုအပ်တဲ့ကိစ္စတွေကို ဖြေရှင်းကူညီပေးနေတာပါ။ ဒါပေမယ့် သူတို့နိုင်ငံရဲ့ဥပဒေအရ တရားစွဲဆိုထားတဲ့ အမှုတွေရှိလာတဲ့အခါ အဲဒီနိုင်ငံရဲ့ တည်ဆဲဥပဒေတွေနဲ့အညီ တရားရင်ဆိုင်ရမှာဖြစ်ပါတယ်”ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ပြောကြားသည်။

**လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရမည်**

ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် လက်ခံနိုင်ငံ၏ ဥပဒေများကို လိုက်နာရမည်ဖြစ်ရာ ယင်းနိုင်ငံ၏ တရားရုံးများမှ ဥပဒေနှင့်အညီ ဆင့်ခေါ်သော တရားရုံးစာအား ဥပဒေနှင့်အညီ သွားရောက်ဖြေရှင်းရန် လိုအပ်ကြောင်းနှင့် ဦးရဲမင်း၏ အမှုကိစ္စအတွက်လည်း မြန်မာသံရုံး၊ ဗန်ကောက်မြို့မှတစ်ဆင့် ၎င်းအား ထိုင်းနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေအမှန်အား သိရှိနိုင်စေရန် စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၇**
မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေအမှန်အား သိရှိနိုင်စေရန် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေး က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၁) ဦးလွင်မြင့်၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်အယ်လ်ခွန်းရီ၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးစိုးမိုး(မေ)နှင့် အထွေထွေအတွင်းရေးမှူး ဦးဇော်ထူးအောင်တို့က မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် စာနယ်ဇင်းမီဒီယာများနှင့် ဂီတအလွှာ ၆ လွှာတို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



## "ဂျင်းကောင်" ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၈ ရက် တစ်နိုင်ငံလုံး ရုံတင်ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**
လူကြိုက်များခဲ့သည့် ဂျင်းကောင် ဗီဒီယိုဇာတ်ကားမှ ကာရိုက်တာတစ်ခုတည်းကိုသာယူ၍ ဇာတ်လမ်းနှင့် ဇာတ်အိမ်၊ ဇာတ်ညွှန်းမတူအောင် "ဂျင်းကောင်" အချစ်ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထားပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၈ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မိတ်ဆက်ပြသခဲ့**

ဒါရိုက်တာကိုပေါက် ရိုက်ကူးပြီး လာဗင်ဒါ ရုပ်ရှင်ထုတ်လုပ်ရေးမှ မတင်ဇာပိုင် စီစဉ်ထုတ်လုပ်သည့် "ဂျင်းကောင်" ရုပ်ရှင်ဇာတ်ကား၏ အထူးပြသပွဲကို ဖေဖော်ဝါရီ ၆ ရက် ည ၇ နာရီက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

**အဓိက ပါဝင်ရိုက်ကူးထား**

"ဂျင်းကောင်" အချစ်ဟာသဇာတ်မြူးရုပ်ရှင်ဇာတ်ကားကို အကယ်ဒမီမြင့်မြတ်၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီခိုင်သင်းကြည်၊ အိချောပို၊ အေးဝတ်ရည်သောင်းတို့က အဓိက ပါဝင်ရိုက်ကူးထားသည်။

"ဒီရုပ်ရှင်ကားကို ဖန်တီးတဲ့ အချိန်မှာ ပရိသတ်ကို ဇာတ်အိမ်ရော၊ စကားလုံးတွေရော အဆန်းတွေပေးချင်တဲ့အတွက်ကြောင့် အဓိက ကာရိုက်တာတစ်ခုကိုပဲ ယူပြီး ရိုက်ထားတာပါ။ ဇာတ်ညွှန်း၊ ဇာတ်လမ်းက မတူပါဘူး။ ဇာတ်ညွှန်းကို အချိန်ယူပြီး စိတ်ကြိုက်ပြန်ရေးထားတာပါ"ဟု မတင်ဇာပိုင်က ပြောသည်။

**သန့်စင်ဝင်း**



ဒါရိုက်တာ ကိုပေါက်



ခိုင်သင်းကြည်



အိချောပို



ထုတ်လုပ်သူ မတင်ဇာပိုင်

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပါမောက္ခချုပ်ဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့ညနေပိုင်းက ယင်းဆေးတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပထမနှစ်မှ ဆဋ္ဌမနှစ်အထိ ခြောက်သင်းဖြင့် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိ ပွဲစဉ်ဇယားရေးဆွဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးနှစ်အသင်းနှင့် တတိယနှစ်အသင်းတို့ ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကြရာ နောက်ဆုံးနှစ်အသင်းက ၄-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးဘောလုံးသမားဆုနှင့် နေရာအလိုက် အကောင်းဆုံး ဆုရသူများ ရွေးချယ်နိုင်မှုအပြင် ၎င်းဆေးတက္ကသိုလ်ဘောလုံးအသင်းအတွက်လည်း ပဏာမလက်ရွေးစင်ကစားသမားများ ရွေးချယ်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကို



အနိုင်ရဗိုလ်စွဲသွားသည့် နောက်ဆုံးနှစ် BVSc အသင်းအား ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းက ပါမောက္ခချုပ်ဖလား ချီးမြှင့်စဉ်။

ကျင်းပရာ အကောင်းဆုံးဂိုးသမားဆုကို နောက်ဆုံးနှစ်မှ မောင်ဇင်ဘိုဘို၊ အကောင်းဆုံး နောက်တန်းကစားသမားဆုကို နောက်ဆုံးနှစ်မှ မောင်သိန်းသန်းဝင်း၊ အကောင်းဆုံး အလယ်တန်းကစားသမားဆုကို တတိယနှစ်မှ မောင်လွတ်လပ်မောင်၊ အကောင်းဆုံးရှေ့တန်းကစားသမားဆုကို တတိယနှစ်မှ မောင်စိုးမင်းဟိန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို နောက်ဆုံးနှစ်မှ မောင်အာကာစိုးတို့ ရရှိခဲ့ကြသဖြင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်းနှင့် အနိုင်ရဗိုလ်စွဲခဲ့သော နောက်ဆုံးနှစ်ဘောလုံးအသင်းအား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းက ဆုဖလားချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အိန္ဒိယသို့ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၇**
မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိကျင်းပမည့် အိန္ဒိယဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

မြန်မာအမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဦးတင်မြင့်အောင်၊ **နည်းပြချုပ်-** ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ-** ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ-** ဦးမြကိုမင်း၊ **မီဒီယာတာဝန်ခံ-**ဦးဇေယျာအောင်၊ အားကစားသမားများအဖြစ် **ဂိုးသမား-** ဇာဇာမြင့်၊ မေဇင်နွယ်၊ **နောက်တန်း-** ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ **အလယ်တန်း-** ရူပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း-** ရီရီဦး၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်အိန္ဒိယ၊ မြန်မာ၊ အီရန်နှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့်ကျင်းပကာ အမှတ်အများဆုံး နှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၉ ရက်တွင် နီပေါအသင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် အီရန်အသင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် အိမ်ရှင်အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလပထမပတ်တွင် ယှဉ်ပြိုင်ရမည့် ၂၀၂၀ တိုကျိုအိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

## Research Methodology Training သင်တန်း ဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**
"လူတိုင်းအတွက် စိတ်ပညာ"အစီအစဉ်အရ မြန်မာနိုင်ငံ စိတ်ပညာအသင်းက ကြီးမှူးဖွင့်လှစ်မည့် တက္ကသိုလ်၊ ကောလိပ်များရှိ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ၊ သုတေသနစာတမ်းများ ရေးသားပြုစုနေသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများအတွက် အထောက်အကူပြုစေမည့် Research Methodology Training သင်တန်းကို ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာနီလာကြူက ခေါင်းစဉ်ခုနစ်ခုဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဘာသာရပ်များကို ကျေညက်စွာ သဘောပေါက်နားလည်နိုင်ရန် သင်တန်းကာလခြောက်ရက် သတ်မှတ်ကာ စနေ၊ တနင်္ဂနွေရက်များတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်ချက် ရှိသည့်အတွက် သင်တန်းတက်ရောက်လိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၃ လမ်း အမှတ် ၁၁ ရှိ မြန်မာနိုင်ငံစိတ်ပညာအသင်း (ဖုန်း-၀၉-၈၉၉၀၀၉၀၁၁နှင့် ၀၉-၆၉၄၀၆၆၆၉၉) သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ရုပ်ရှင်တွင် သုံးနှုန်းနေသော စကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာစကားဝိုင်း ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**
"ရုပ်ရှင်တွင် သုံးနှုန်းနေသော စကားလုံးများနှင့် ဘာသာပြန်စကားလုံးများဆိုင်ရာ မြန်မာစကား၊ မြန်မာစာရေးထုံးစကားဝိုင်း"ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစကားဝိုင်းတွင် ဦးမျိုးမြတ်သူ(စာရေးဆရာ)က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မောင်ခင်မင်(ဓနုဖြူ)၊ ဦးဝင်းငြိမ်း၊ ဇာတ်ညွှန်းပညာရှင် ဦးဇော်မြင့်ဦး၊ ရွှေသံလွင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကျော်စွာထွန်းနှင့် Forever Group ဘာသာပြန်ဌာနမှ တာဝန်ခံ ဦးကျော်တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်ကားများကို ကြည့်ရှုသော လူငယ်ပရိသတ်များအနေဖြင့် လက်ရှိအသုံးပြုနေသည့် မြန်မာစာရေးထုံး၊ မြန်မာစကားအမှားများကို သိရှိနိုင်ပြီး မှန်ကန်စွာပြင်ဆင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါစကားဝိုင်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကျင်းပခြင်းဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့တွင် မြန်မာ - ဂျပန် ဂီတပွဲတော် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**
မြန်မာ - ဂျပန် ဂီတပွဲတော်ကို မန္တလေးမြို့ရှိ မန္တလေးအမျိုးသားကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂီတပွဲတော်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဂီတပွဲတော်တွင် နားပန်းဆံနှင့် မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းအပါအဝင် အခြားအနောက်တိုင်းနှင့် ဂျပန်သံစဉ်များကို တီးခတ်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**



ဖေဖော်ဝါရီ ၇ ရက်က မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့နာယက ဦးကျော်မြင့်သန်း (လမ်းမတော်) ကွယ်လွန်ခြင်းအတွက် အဖွဲ့နာယက ဦးမျိုးမြင့်၊ ဦးသန်းမောင်နှင့်အဖွဲ့က ကွယ်လွန်သူ၏ နေအိမ်သို့ သွားရောက်ပြီး မိသားစုများထံ ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်စဉ်။
တင်ဝင်းလေး (ကြည့်မြင်တိုင်)

# ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမေရိကန်ဘဏ္ဍာရေး ဒုဝန်ကြီးကို အမည်စာရင်းတင်သွင်း

ဝါရှင်တန် ဖေဖော်ဝါရီ ၇

**အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမေရိကန် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီးဖြစ်သူ ဒေးဗစ်မယ်လ်ပက်စ်ကို ခန့်အပ်ရန် ယမန်နေ့က အမည်စာရင်းတင်သွင်းလိုက်ကြောင်း သိရသည်။**

အမည်စာရင်းသာ အတည်ဖြစ်ခဲ့မည်ဆိုပါက ၎င်းသည် ဇန်နဝါရီလတွင် ရာထူးမှ သုံးနှစ်ကြိုနုတ်ထွက်ခဲ့သည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဟောင်း ဂျင်ယောင်ကင်နေရာတွင် ဆက်ခံရမည့်သူဖြစ်လာမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်းခဲ့သည့် ဒေးဗစ်မယ်လ်ပက်စ်သည် ကမ္ဘာ့ဘဏ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူဖြစ်သည်။ အမေရိကန်နိုင်ငံသည် အစဉ်အလာအရ ကမ္ဘာ့ဘဏ်တွင် ဝေစုအများဆုံး ထည့်ဝင်ခဲ့သည့် နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌရာထူးအတွက် ခန့်အပ်မည့်သူကို အမည်စာရင်းတင်သွင်းရခြင်း ဖြစ်သည်။

"ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌဟောင်း ဒေါက်တာ ဂျင်ယောင်ကင်ရာထူးမှ နုတ်ထွက်သွားပြီးနောက် သူ့နေရာမှာ အစားထိုးဖို့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်ကို ကျွန်တော်တွေ့ခဲ့ပါတယ်" ဟု ဒေါ်နယ်ထရမ့်က ပြောသည်။

ထို့အပြင် ဒေးဗစ်မယ်လ်ပက်စ်သည် အမေရိကန် ဒုတိယဘဏ္ဍာရေးဝန်ကြီးအပြင် နိုင်ငံတကာရေးရာဌာနတွင် ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့၏ လုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် စီးပွားရေး၊ ငွေရေးကြေးရေးနှင့် နိုင်ငံခြားမူဝါဒရေးရာများတွင် နှစ်လေးဆယ်ကြာ အတွေ့အကြုံရှိသူလည်း ဖြစ်ကြောင်း ထရမ့်က ပြောသည်။

ဒေးဗစ်မယ်လ်ပက်စ်သည် နိုင်ငံတကာစီးပွားရေးဘာသာရပ်နှင့် ဂျော့ရှ်တောင်းတက္ကသိုလ်တွင် အောင်မြင်ခဲ့ပြီး သမ္မတ ရော်နယ်လ်ရေဂင်လက်ထက်တွင် ဒုတိယ လက်ထောက် ဘဏ္ဍာရေးဝန်ကြီး လုပ်ခဲ့ရုံသာမက အမေရိကန်သမ္မတ ဂျော့ဂျ် အိတ်ချ် ဒယ်ဗလျူဘုရှ် လက်ထက်တွင်လည်း ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူလည်း ဖြစ်သည်။

၎င်းသည် လက်ရှိတွင် တင်းမာနေသည့် အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးညှိနှိုင်းမှုတွင် ဝင်ရောက်ဆောင်ရွက်နေသူလည်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသူ ဒုဝန်ကြီး ဒေးဗစ်မယ်လ်ပက်စ်သည် ကမ္ဘာပေါ်တွင် ဆင်းရဲသည့်နိုင်ငံများကို အကူအညီပေးရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



**ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသည့် အမေရိကန်ဘဏ္ဍာရေးဌာန ဒုတိယ ဝန်ကြီးဖြစ်သူ ဒေးဗစ်မယ်လ်ပက်စ်ကို တွေ့ရစဉ်။**

# ဖိလစ်ပိုင်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ရွေးကောက်ပွဲများ ထပ်မံကျင်းပသွားရန်ရှိ

**မနီလာ ဖေဖော်ဝါရီ ၇**

ဖိလစ်ပိုင်တောင်ပိုင်းတွင် ပြည်သူများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့တစ်ရပ်တွင် ပါဝင်နိုင်ခွင့် ရှိ မရှိနှင့် ပတ်သက်၍ လူထုဆန္ဒခံယူပွဲများတွင် မဲပေးမှုများ ပြုလုပ်သည်။

မင်ဒါနာအိုကျွန်း အနောက်ပိုင်းနှင့် ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ၇၀ ခန့်တို့တွင် ဗုဒ္ဓဟူးနေ့က မဲပေးခဲ့ကြသည်။ မင်ဒါနာအိုနှင့် နိုင်ငံ၏အခြားအစိတ်အပိုင်းများတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် စစ်သွေးကြွများသည် အစိုးရတပ်ဖွဲ့ဝင်များနှင့် ဆယ်စုနှစ်လေးခုကြာအောင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အစိုးရနှင့် စစ်သွေးကြွများသည် ဂျပန်နှင့် အခြားနိုင်ငံများ၏ ထောက်ခံမှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ခု ရရှိခဲ့သည်။ ယင်းသဘောတူစာချုပ်အရ မွတ်စလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုသည့် အခြေအနေတစ်ခု ဖြစ်လာခဲ့သည်။

ပြည်နယ်ငါးခုနှင့် မြို့ကြီးနှစ်မြို့တို့တွင် အလားတူရွေးကောက်ပွဲများကို စောစီးစွာကျင်းပခဲ့သည်။ ပြည်နယ်များအားလုံးနှင့် မြို့တစ်မြို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် ရွေးချယ်ထားကြောင်း သိရသည်။ ဗဟိုအစိုးရသည် ယခုနှစ်ကုန်ပိုင်းတွင် ကြားဖြတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရသည် ရေနံနှင့်အခြား သဘာဝအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် အခွင့်အာဏာရှိရုံသာမက တရားစီရင်ရေးဆိုင်ရာ တိုးတက်အောင် အားဖြည့်နိုင်သည့်အပြင် အစ္စလာမ်မစ် ဥပဒေကိုအခြေခံသည့် ပညာရေးစနစ်ကိုပါ ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အရှေ့အလယ်ပိုင်းနျူကလီးယား ကင်းစင်ရန် ရိုဟာနီတိုက်တွန်း

**တီဟီရန် ဖေဖော်ဝါရီ ၇**

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက အရှေ့အလယ်ပိုင်းနိုင်ငံများတွင် နျူကလီးယားလက်နက်ကင်းစင်ရေးကို တောင်းဆိုလိုက်ကြောင်း ပရက်စ်ရုပ်မြင်သံကြားသတင်းတွင် မကြာသေးမီက ဖော်ပြလိုက်သည်။

အရှေ့အလယ်ပိုင်းနိုင်ငံများတွင် နျူကလီးယားလက်နက်နှင့် လူအစုလိုက်အပြုံလိုက်သေစေနိုင်သော ဖျက်အားပြင်းလက်နက်များ ကင်းစင်ရေးအတွက် ကြွေးကြော်သံများ ပြုလုပ်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း၊ အဆိုပါရပ်တည်ချက်ကို ကိုင်စွဲလာသည်မှာ နှစ်ပေါင်း ၄၀ ရှိပြီဖြစ်ကြောင်း အီရန်သမ္မတ ရိုဟာနီက ပြောကြားလိုက်သည်။

ထို့အပြင် ဒေသတွင်းရှိ နိုင်ငံခြားတပ်များဆုတ်ခွာသွားရန်လည်း တိုက်တွန်းမှုပြုလုပ်ခဲ့ပြီး ၎င်းတို့၏ ကြားဝင်စွက်ဖက်မှုများ အဆုံးသတ်ရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ဟက်ဆန်ရိုဟာနီသည် အီရန်နိုင်ငံတီဟီရန်မြို့တွင် ကျင်းပခဲ့သည့် အီရန်အစ္စလာမ်မစ် တော်လှန်ရေး နှစ် ၄၀ ပြည့်အခမ်းအနားတွင် ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံခြားဧည့်သည်များနှင့် သံအမတ်များ တက်ရောက်ကြောင်း သိရသည်။

**ဆင်ဟွာ**



**အီရန်သမ္မတ ဟက်ဆန်ရိုဟာနီကို တွေ့ရစဉ်။**

# ဘရာဇီးသမ္မတဟောင်းလူလာကို ထောင်ဒဏ် ၁၃နှစ်ထပ်မံချမှတ်

**ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၇**

ဘရာဇီးသမ္မတဟောင်း လူလာဒီဆီလ်ဗာကို အကျင့်ပျက်ခြစားမှုနှင့် ငွေကြေးခဝါချမှုများဖြင့် ဗုဒ္ဓဟူးနေ့တွင် နောက်ထပ် ထောင်ဒဏ် ၁၃နှစ်နီးပါးချမှတ်လိုက်ကြောင်း တရားစီရင်ရေးဆိုင်ရာ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

**လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့**

လူလာသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဘရာဇီးနိုင်ငံ၏ သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် လာဘ်စားမှုနှင့်အခြားပြစ်မှုများဖြင့် ထောင်ဒဏ် ၁၂ နှစ်နှင့် တစ်လ ကျခံနေရသည်။ နောက်ဆုံးချမှတ်လိုက်သည့် ပြစ်ဒဏ်မှာ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့သည်ဟု အစိုးရရှေ့နေများက အခိုင်အမာပြောဆိုခဲ့သည့် ပြုပြင်မွမ်းမံရေး စီမံချက်တစ်ခုနှင့် ပိုင်ဆိုင်မှုအပေးအယူတစ်ခုပြုလုပ်မှုဖြင့် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထောင်ဒဏ် ၁၂ နှစ်နှင့် ၁၁ လ ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၇၃ နှစ်ရှိပြီဖြစ်သည့် လူလာသည် ဥစ္စာပစ္စည်း၏ သုံးဆကြွယ်ဝနေမှုဖြင့် ၂၀၁၇ ခုနှစ်တွင် ထောင်ဒဏ်ကိုးနှစ်နှင့် ခြောက်လ ကျခံစေရန် မူလက ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၎င်း၏ ရှေ့နေများက လျှောက်လဲခဲ့ချိန်တွင် အသစ်ထပ်မံကြားနာစစ်ဆေးမှုပြုလုပ်ခဲ့မှုက ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ခဲ့သည့်အပြင် ပြစ်ဒဏ်ကို တိုးလိုက်ပြီး ထောင်ဒဏ် ၁၂ နှစ်နှင့် ၁၁လ ကျခံရန် တောင်ပိုင်းမြို့တော်ဖြစ်သော ကူရီတီဘာ တရားရုံးက စီရင်ဆုံးဖြတ်ခဲ့သည်။

**ဆင်ဟွာ**

# အိုင်အက်စ်အဖွဲ့ကို ဆက်လက်ချေမှုန်းသွားမည်ဟု ထရမ့်ကတိပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန် ပြည်ထောင်စုသည် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွများအား အပြီးအပြတ် ချေမှုန်းသွားရေးအပေါ်ဆက်လက် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ကတိပြုသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံကာ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် မဟာမိတ်များက အိုင်အက်စ် ချေမှုန်းရေးတွင် ဆက်လက်ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစွန်းရောက် စစ်သွေးကြွများသည် မကြာမီအချိန်အတွင်း ဆီးရီးယားရှိ ၎င်းတို့၏ ပိုင်နက်နယ်မြေ အားလုံးကို လက်လွှတ်ဆုံးရှုံးရတော့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရမ့်သည် ဒီဇင်ဘာလက အိုင်အက်စ်တို့အား အနိုင်ရရှိခဲ့ကြောင်း ကြေညာလိုက်ပြီး တပ်ဖွဲ့ဝင် ၂၀၀၀ ကို ဆီးရီးယားမှ ရုပ်သိမ်းရန် အမိန့်ထုတ်ပြန်လိုက်ခြင်းအားဖြင့် မဟာမိတ်နိုင်ငံများကို အံ့အားသင့်သွားစေခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စကားပြောဆိုခဲ့စဉ်အတွင်း ထရမ့်က အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ ကာ့ဒ်မဟာမိတ်များသည် ဆီးရီးယားနှင့် အီရတ်ရှိ နယ်မြေများကို တစ်ချိန်ကထိန်းချုပ်ခဲ့သည့် ဂျီဟတ် စစ်သွေးကြွများလက်မှ နယ်နိမိတ်အားလုံးကို လွတ်မြောက်အောင် လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

တူရကီနှင့် ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများအကြား ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ဆီးရီးယား၌ ဖမ်းဆီးထောင်ချခံထားရသည့် ပြည်ပမှ ရာနှင့်ချီသော ဂျီဟတ်စစ်သွေးကြွများအတွက် ဖြေရှင်းပေးရေးအပါအဝင် အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ရုပ်သိမ်းမှုကြောင့် မရည်ရွယ်ဘဲဖြစ်လာနိုင်သည့် အကျိုးဆက်များကို စီမံခန့်ခွဲရန် ကြိုးပမ်းမှုစသည့် အရေးကိစ္စများ ရှိနေချိန်တွင် ယခုတွေ့ဆုံမှုပေါ်ထွက်လာခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**




**အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်ချေမှုန်းရေးကမ္ဘာ့မဟာမိတ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မိန့်ခွန်းပြောကြားနေစဉ်။**

# (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားများကျင်းပ

**တန့်ယန်း**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့တွင် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ရှမ်းပြည်နယ်အလံကို အလေးပြုကြပြီး နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေးမိုးဦးက ဖတ်ကြားသည်။

ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းခမ်းလင်းက ရှင်းလင်းပြောကြားခဲ့သည်။

**မင်းလွင်ဦး (ပြန်/ဆက်)**

**ကွန်ဟိန်း**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ အမှတ်(၄)ရပ်ကွက် ဘုရားကြီးကွင်း၌ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ရှမ်းပြည်နယ်အလံကို အလေးပြုခြင်းကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို ခေတ္တမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရဲမှူးဝင်းသိန်းက ဖတ်ကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံက ပေးပို့သော ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စောက ဖတ်ကြားခဲ့ပြီး ရှမ်းစာပေ ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းကြည်က ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံကို ရှမ်းဘာသာ၊ မြန်မာဘာသာဖြင့် ပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ကျိုင်းတုံ**

ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရှမ်းပြည်နယ်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အားအခမ်းအနားသို့ တက်ရောက်လာသူများက ညီညွတ်စွာဖြင့် အလေးပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ရှမ်းပြည်နယ်နေ့ သဝဏ်လွှာ ကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်က ဖတ်ကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မုံရွာမြို့ဒေသခံပြည်သူများ တွေ့ဆုံ

မုံရွာ ဖေဖော်ဝါရီ ၇

**မုံရွာမြို့တော် သင်္ကြန်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် တိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။**




တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဒေသခံများ တွေ့ဆုံကြစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မုံရွာမြို့ စည်ကားသာယာဖို့အတွက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ကို တာဝန်ပေးထားကြောင်း၊ သုံးနှစ်တာကာလအတွင်းမှာ အားကစားနှင့် ပတ်သက်၍ အောင်မြင်မှု အထိုက်အလျောက်ရရှိခဲ့ပြီး ဖြစ်ကြောင်း၊ အစိုးရသည် ပြည်သူ့အတွက်ဖြစ်ကြောင်း၊ အစိုးရဆိုသည်မှာ ပြည်သူက ရွေးကောက်ထားခြင်းဖြစ်သဖြင့် အစိုးရဆိုတာ ပြည်သူတင်မြှောက်မှ အစိုးရ ဖြစ်ပါကြောင်း။

**စတင်ဆောင်ရွက်နိုင်**

ပြည်သူများ၏ ဆန္ဒမပါဘဲနဲ့ အုပ်ချုပ်တဲ့ အစိုးရဆိုသည် ဒီမိုကရေစီအစိုးရမဖြစ်နိုင်ကြောင်း၊ အုပ်ချုပ်ရေး တာဝန်ယူထားသော အစိုးရဆိုသည်မှာ ပြည်သူများ၏ လိုအပ်ချက်များကို အကောင်းဆုံး၊ အဖြစ်နိုင်ဆုံးဖြည့်ဆည်းပေးရန် တာဝန်သာ အဓိက ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒကို မိမိတို့က ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသလောက် တတ်နိုင်သမျှ ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ နိုင်ငံ၏အလှကိုပိုပြီး တင့်တယ်အောင် ပြည်သူပြည်သားများက လုပ်ရန် တာဝန်ရှိကြောင်း၊ ဆန္ဒပြင်းပြမှ ကိစ္စတစ်ခုကို စတင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

အခုဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုံ့လ၊ ဝီရိယတွေနဲ့ ဆောင်ရွက်ရမည် ဖြစ်ကြောင်း စိတ်ထားမှန်ရန်လိုကြောင်၊ ကိုယ်လုပ်ချင်သည့် ဆန္ဒများကို ဘယ်လိုပုံစံမျိုးနှင့် လုပ်မည်ကို အသိပညာက အင်မတန် အရေးကြီးကြောင်း၊ အသစ်ဆန်းတစ်ခုကို ဖြစ်မြောက်အောင်လုပ်ရန်အတွက် သတ္တိရှိရန် လိုကြောင်း၊ ထို့ကြောင့် မှားမှာကြောက်လျှင် ဘာမှမလုပ်ဘဲ ထိုင်နေလျှင် ပိုပြီးမှားကြောင်း၊ မှားတာတွေ့လျှင် သင်ခန်းစာယူတတ်ရန် လိုကြောင်း၊

တက်ရောက်လာကြသူများက မုံရွာ ရိုးရာသင်္ကြန်စည်ကားသိုက်မြိုက်စွာ ကျင်းပဖို့ ရည်ရွယ်ထားသည့် အစီအစဉ်များနှင့် ပတ်သက်၍ မုံရွာမြို့ ကန်သာယာ ပတ်လည်မှာ လမ်းလျှောက်သင်္ကြန် ကျင်းပပေးရန်နှင့် မြန်မာ့ရိုးရာအစားအစာ ၁၀ မျိုး သို့မဟုတ် ၁၅ မျိုးလောက် နေရာများ ခွဲခြားပြီး လုပ်ပေးစေလိုကြောင်း၊ အပျော်လွန်နေသည့် သင်္ကြန်ကို အလွန်ပျော်အောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြုလုပ်ပေးစေလိုကြောင်း၊ ခရိုင်/မြို့နယ်အလိုက် ကိုယ်စားပြု စုပေါင်းကာ လူငယ်လေးများက သင်္ကြန်ကားများ ထွက်ကြစေချင်ကြောင်းနှင့် ယင်းကားပေါ်တွင် မြန်မာ့ရိုးရာ အစဉ်အလာမပျက် ကဗျာ၊ ကာတွန်း၊ စည်တိုများ ရေးထိုးခြင်းတို့အပြင် သင်္ကြန်အလှမယ်များက ကပြ သီဆိုဖျော်ဖြေတင်ဆက်ပေးစေလိုကြောင်း၊ ပူးပေါင်းဆောင်ရွက်လုပ်ဆောင်မည် ဖြစ်ကြောင်း၊ မုံရွာမြို့ ဇာတိမဏ္ဍပ်ကိုလည်း ပြန်လည် ပြုလုပ်ပေးစေလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသထွက်ကုန်တွေကိုလည်း ဖွင့်လှစ်ရောင်းချပြသပေးစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားကြသည်။

**ထွန်းကိုကို (ယင်းမာပင်)**

# တောင်ငူမြို့အဆင့်မြင့်ဈေးသစ်ကြီးကို အမြန်ဆုံးတည်ဆောက်နိုင်ရေး အစိုးရအဖွဲ့နှင့် ဆောက်လုပ်ခွင့်ရ ကုမ္ပဏီတို့တွေ့ဆုံညှိနှိုင်း

**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ တောင်ငူမြို့အဆင့်မြင့်ဈေးသစ်ကြီးအား အမြန်ဆုံးတည်ဆောက်နိုင်ရေး ဝန်ကြီးချုပ်နှင့် ဆောက်လုပ်ခွင့်ရ First Altitudez Co., Ltd. နှင့် တွေ့ဆုံညှိနှိုင်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက တောင်ငူဈေးမီးလောင်မှုသည် အချိန်ကာလအားဖြင့် ငါးနှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ပြည်သူများက လိုလားလျက်ရှိပြီး မိမိတို့အစိုးရမှလည်း အမြန်ဆုံးဆောက်လုပ်ပြီးစီး စေလိုကြောင်း၊ ပြည်သူအတွက် မျက်နှာမူပြီး ပြည်သူ့အကျိုးပြု တောင်ငူဈေးသစ်ကြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ကုမ္ပဏီ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ငူမြို့အဆင့်မြင့်ဈေးသစ်ကြီးကို First Altitudez Co., Ltd. မှ တာဝန်ယူကာ ပထမထပ်တွင် ဈေးဆိုင်ခန်း ၆၅၀၊ ဒုတိယထပ်တွင် ဈေးဆိုင်ခန်း ၉၀၀ တို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး တတိယထပ်တွင် စားသောက်ဆိုင်များ၊ စတုတ္ထထပ်တွင် ကားပါကင်နှင့် ပဉ္စမထပ်တွင် ရုံးခန်းများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက် သွားမည်ဖြစ်သည်။ မြေညီထပ်နှင့် ပထမထပ်ကို မူလဈေးသူ ဈေးသားများကို အခမဲ့ဈေးဆိုင်ခန်းများ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မကြာမီ တောင်ငူဈေးသစ်ကြီး တည်ဆောက်နိုင်ရေး အစိုးရအဖွဲ့နှင့် MoU လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆောက်လုပ်ခွင့်ရ ကုမ္ပဏီတို့ တွေ့ဆုံစဉ်။

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ယနေ့ အတည်ပြုမိန့် ထုတ်ပေးသွားရန် ကုမ္ပဏီတစ်ခု ရှိသည့်အတွက် ကော်မတီအနေဖြင့် ထုတ်ပေးခဲ့သည့် အရေအတွက် ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ အတည်ပြုမိန့်ထုတ်ပေးသည့်အခါလည်း ပုံမှန်လုပ်ထုံးလုပ်နည်းဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထူးမင်းသိမ်းက ကော်မတီ၏ ၁/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် မာန်အောင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအပိုင်းကို ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်လှိုင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်တင်ပြသည်။ ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။



ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုမိန့်ရ ကုမ္ပဏီသို့ အတည်ပြုလွှာ ပေးအပ်စဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုမိန့်ရရှိသည့် မာန်အောင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို အတည်ပြုလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ကော်မတီအတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဧပြီ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်မဂ္ဂဇင်း(၂၀၁၉)အတွက် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း စာမူများကို ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ ဧပြီ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ **“အရည်အသွေးပြည့်ကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး”** (Universal Health Coverage: Everyone, Everywhere) ဖြစ်ပြီး အဆိုပါဆောင်ပုဒ်နှင့် သက်ဆိုင်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း စာမူများကို စာတည်းအဖွဲ့၊ ကျန်းမာရေးအသိပညာ မြှင့်တင်ရေး ဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ မတ် ၁၅ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ E-mail များဖြစ်သည့် yywin2018@gmail.com ၊ ayeayecho94@gmail.com ၊ htetlinag90@gmail.com များသို့လည်း ပေးပို့နိုင်ပြီး အသေးစိတ်မေးမြန်းလိုပါက ဖုန်းနံပါတ် ၀၆၇၃-၄၃၁၄၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

**မွေးကျူရင်**

# မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဂုတ်တွင်းတံတား တည်ဆောက်မည်

**ကျောက်မဲ ဖေဖော်ဝါရီ ၇**

နောင်ချိုမြို့ရှောင်ကားလမ်းနှင့် ဂုတ်တွင်းတံတား စီမံကိန်းသည် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီး AH-14 ၏ မိုင်တိုင်အမှတ် ၇၂/၅ မှ (၉၂/၅)အထိ ၁၃ ဒသမ ၅ မိုင်ရှိပြီး တံတားအရှည် ၈၈၇ မီတာရှိသည်။

အဆိုပါတံတားနှင့် မြို့ရှောင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ မန္တလေး-လားရှိုး-မူဆယ် ကားလမ်းအား BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်နေသော Oriental Highway Company Limited က တာဝန်ယူ တည်ဆောက်သွားမည်ဟု သိရသည်။

တံတားနှင့် မြို့ရှောင်လမ်း တည်ဆောက်ဖောက်လုပ်ရာတွင် ဖြတ်သန်းရမည့် ကျေးရွာအုပ်စုများမှာ နောင်ချိုမြို့နယ်မှ လုံရုံး ကျေးရွာအုပ်စု၊ ငုက္ခလေး ကျေးရွာအုပ်စု၊ နားရှိုးရပ်ကွက်၊ တောင်ရပ်ကွက်၊ မျက်ချင်းနုကျေးရွာအုပ်စု၊ ကုန်းစံကျေးရွာအုပ်စုနှင့် ကျောက်မဲ မြို့နယ်မှ ပင်ပေါကျေးရွာအုပ်စု၊ နောင်ပိန် ကျေးရွာအုပ်စု၊ ပင်တိန်ကျေးရွာအုပ်စု တို့ဖြစ်သည်။

တံတားနှင့် မြို့ရှောင်လမ်းစီမံကိန်း အတွင်းသို့ နောင်ချိုနှင့် ကျောက်မဲမြို့နယ်တို့မှ လယ်မြေနှင့် ယာမြေ ၄၇၉ ဒသမ ၄၁ ဧက ပါဝင်သွားမည်ဖြစ်သောကြောင့် တောင်သူပေါင်း ၂၉၀ တို့အား မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး ၊ နှစ်ရှည်ပင်နှင့် အခြားအပင် လျော်ကြေး ၊ အဆောက်အအုံနှင့် ရေတွင်းများအတွက် လျော်ကြေး စသည်ဖြင့် စုစုပေါင်း ပေးလျော်ရမည့် ငွေများမှာ ငွေကျပ်သိန်းပေါင်း ခြောက်သောင်းကျော်ဖြစ်သောကြောင့် ယခုအခါ လျော်ကြေး လုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာက လျော်ကြေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။



မန္တလေး-လားရှိုး-မူဆယ်ကားလမ်း၌ တည်ဆောက်မည့် ဂုတ်တွင်းတံတားပုံစံကို တွေ့ရစဉ်။

အဆိုပါ နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတား တည်ဆောက်ပြီးစီးသွားလျှင် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး AH-14 ပေါ်တွင် ကွေ့ပေါင်း ၂၁ ကွေ့ရှိပြီး ချောက်ကမ်းပါးများပေါ်များသည့် ဂုတ်တွင်းကားလမ်းမှ သွားစရာမလိုတော့ဘဲ တံတားပေါ်မှ ကားများ အန္တရာယ်ကင်းစွာဖြင့် ဖြတ်သန်း မောင်းနှင်နိုင်တော့မည် ဖြစ်သည်။

**ခရမ်းစိုးမြင့်**

# ပြည်တွင်းပုလဲဈေးနှုန်း ပျမ်းမျှရာခိုင်နှုန်း ၂၀ ခန့် ငါးနှစ်အတွင်း မြင့်တက်လာ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာ့ပုလဲများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများကလည်း စိတ်ဝင် စား၍ ဝယ်ယူမှုများရှိပြီး အဓိက တရုတ်နိုင်ငံသားများ ဝယ်ယူမှုများကြောင်း၊ ယခင်နှစ်များထက် ယှဉ်ပါကလည်း ဈေးနှုန်းမှာ မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

ငါးနှစ်အတွင်း ပြည်တွင်းပုလဲဈေးနှုန်းမှာ ပျမ်းမျှ ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း ယခုလ ၃ ရက်က ဖွင့်လှစ်ခဲ့သည့် ဇမ္ဗူထွန်း Pearl and Jewellery ဗိုလ်ချုပ်ဈေးဆိုင်ဖွင့်ပွဲမှ သိရသည်။



ဗိုလ်ချုပ်ဈေး ပုလဲအရောင်းဆိုင်တစ်ခုကို တွေ့ရစဉ်။

"ပြီးခဲ့တဲ့ ငါးနှစ်လောက်အတွင်းမှာ ပုလဲဈေးက ၂၀ ရာခိုင်နှုန်းလောက် မြင့်တက်လာတယ်လို့ ပြောလို့ရပါတယ်။ ၂၀ ရာခိုင်နှုန်းလောက်ဆိုပေမယ့် တကယ့် အရည်အသွေးကောင်းတဲ့ ပုလဲကျတော့ အဆပေါင်းများစွာ မြင့်တက်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ အရည်အသွေးကောင်းတဲ့ ပုလဲကျတော့ ဝယ်လိုအားက အလွန်များတာ။ ဝယ်လိုအား အလွန် ကောင်းလာတဲ့အတွက်ကို ကျွန်တော်တို့ဆီမှာ ဝယ်လိုအားနဲ့ ရောင်းလိုအားမမျှပါဘူး"ဟု ဇမ္ဗူထွန်း Pearl and Jewellery ဆိုင်မှ ဦးသော်လွင်ဖြိုးက ပြောသည်။

လက်ရှိပုလဲဈေးနှုန်းမှာ တစ်ရတီလျှင် အနည်းဆုံး တစ်ထောင်မှစ၍ သောင်းဂဏန်းကျော်သည်အထိ ဈေးနှုန်းရှိကြောင်း၊ အရည် အသွေးမြင့်ပုလဲများ၏ ဝယ်လိုအားနှင့် ရောင်းလိုအားမှာ မျှတမှုမရှိကြောင်း၊ အရည်အသွေးကောင်းသော ပုလဲများကို ဝယ်ယူလိုမှုမှာ မြင့်မားနေကြောင်း ၎င်းက ဆက်လက်ပြောသည်။ ပြည်တွင်း၌ မွေးပုလဲနှင့် သဘာဝ ပုလဲဟူ၍ ပုလဲနှစ်မျိုးထွက်ရှိပြီး ပုလဲမွေးမြူထုတ်လုပ်ရေး လုပ်ငန်းများမှ ရွှေရောင်ပုလဲနှင့် အဖြူရောင် ပုလဲ နှစ်မျိုးတွင် ကမ္ဘာ၌ နာမည်ကြီးသော ရွှေရောင်ပုလဲများကို အဓိကထားထုတ်လုပ်လျက်ရှိသည်။

**ကျော်ဆန်းမြင့် (မြန်/ဆက်)**

# မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး

**ကန့်ဘလူ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် အေးမြစိုးဖောင်ဒေးရှင်းမှ လှူဒါန်းမှုအစီအစဉ်ဖြင့် အခမဲ့မျက်စိစမ်းသပ်စစ်ဆေးခြင်းများကို ယမန်နေ့က မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းဦးက မျက်စိဝေဒနာရှင်များအား စတင်စမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးက "ဖေဖော်ဝါရီ ၆၊ ၇၊ ၈ ရက်မှာတော့ မျက်စိဝေဒနာရှင်တွေကို စမ်းသပ်စစ်ဆေးပြီး အကြီးစား၊ အသေးစားခွဲစိတ်ကုရမယ့် လူနာတွေကို ရွေးထုတ်မယ်။ ဖေဖော်ဝါရီ ၉ ရက်မှာ စတင်ခွဲစိတ်ကုသပေးမှာ ဖြစ်ပါတယ်။ အဲဒီ ၉ ရက်မှာပဲ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ထီးဆောင်းမျက်စိဆေးရုံက မျက်စိအထူးကုဆရာဝန်ကြီးတွေ၊ မျက်မှန်ကျွမ်းကျင်ပညာရှင်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေထပ်မံရောက်ရှိလာပြီး ခွဲစိတ်ကုသမှုတွေ စတင်ဆောင်ရွက်မယ်။ အဲဒီနေ့ ၉ ရက်မှာပဲ ကျွန်တော်တို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှာခွဲစိတ်ကုသတာတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပြောသည်။



မျက်စိဝေဒနာရှင်များကို မျက်စိဆရာဝန်တစ်ဦးက စစ်ဆေးပေးနေစဉ်။

အဆိုပါ မျက်စိစမ်းသပ်စစ်ဆေးရာသို့ ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်မြို့နယ်များမှ လာရောက်ပြသလျက်ရှိပြီး အခမဲ့မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၁၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၀ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၉ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၉ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၇ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၂ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၇ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၇ ・ ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၄၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ ・ ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၆ ・ ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ ・ ၉၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပြည်ထောင်စုသားတိုင်းရဲ့တာဝန်

သိုက်စိုးထွန်း (နတ်ရွာ)

**တိုင်းပြည်ကရှေ့ကိုသွားနေတယ်။ မြန်မြန်ခရီးရောက်ဖို့ ကြိုးစားနေတယ်။ ဒီလိုအချိန်မျိုးမှာ ပြည်ထောင်စုတစ်ဝန်းလုံးမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုသားအားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေ အားကောင်းနေဖို့လိုပါတယ်။ အရှေ့မြန်ဖို့အတွက် တစ်ဦး ချင်း တစ်ဦးချင်းစီမှာလည်း တာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်မျိုးကို အားလုံးခံယူထားသင့်ပါတယ်။**

ဒီအချိန်ဟာ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် မင်္ဂလာရှိတဲ့ အချိန်အခါ ဖြစ်ပါတယ်။ လွတ်လပ်ရေးကို အတူရယူပြီး ပြည်ထောင်စုကို အတူလက်တွဲ တည်ဆောက်ကြမယ်ဆိုတဲ့ ကတိကဝတ်ဖြစ်တဲ့ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တဲ့ (၇၂) နှစ်မြောက် နှစ်ပတ်လည် အချိန်အခါသမယ ဖြစ်ပါတယ်။ လက်ရှိအချိန်က တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံမှာ မျက်နှာစုံညီ အဖြေရှာနေကြတဲ့ အချိန်လည်း ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုတိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တနေကြတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးနဲ့ သင့်လျော်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက်လည်း အခြေခံဥပဒေပြင်ဆင်ရေးကို ကြိုးပမ်းနေချိန် ဖြစ်ပါတယ်။

ပြင်ဆင်လိုက်မယ့် အခြေခံဥပဒေဟာ တိုင်းရင်းသားအားလုံးရဲ့ မျှော်လင့်ချက်တွေနဲ့ ထပ်တူကျရင် ကျသလောက် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးပန်းတိုင်ကြီးတွေနဲ့ ပိုမိုနီးကပ်သွားနိုင်ပြီးတော့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကြားမှာ ဒီ့ထက်ပိုမိုခိုင်မြဲတဲ့ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

### ဘိုးဘေးတွေ ကြိုးစားအားထုတ်ခဲ့ရ

တကယ်တော့ မြန်မာ့သမိုင်းမှာ ပြည်ထောင်စုနေ့ဆိုတဲ့ နေ့ထူးနေ့မြတ်တစ်ခု ပေါ်ပေါက်လာဖို့အတွက်၊ ပင်လုံစာချုပ်ဆိုတဲ့ သဘောတူညီမှုတစ်ခု ဖြစ်ပေါ်လာဖို့အတွက် တိုင်းရင်းသားဘိုးဘေးတွေက အခက်အခဲပေါင်း မြောက်မြားစွာထဲက ကြိုးပမ်းအားထုတ်ခဲ့ကြရတာ ဖြစ်ပါတယ်။ ဒီစာချုပ်ကြီးရဲ့ ကျေးဇူးကြောင့်သာလျှင် ဒီကနေ့အချိန်မှာ လွတ်လပ်တဲ့ ပြည်ထောင်စုကြီးအဖြစ် တစ်စုတစ်စည်းတည်း ရပ်တည်နေနိုင်တာဖြစ်ပါတယ်။ ပြည်ထောင်စုအမွေကို မျက်မှောက်ခေတ် တိုင်းရင်းသားအားလုံးက တန်ဖိုးထားမြတ်နိုးကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုနေ့အခါသမယမှာ တိုင်းရင်းသားအားလုံးက ဘိုးဘေးတွေထားခဲ့တဲ့ ပြည်ထောင်စုအမွေကို ဆက်လက်တည်တံ့အောင် ထိန်းသိမ်းဖို့ တာဝန်အပြင် ဒီပြည်ထောင်စုကြီး ပိုမိုတိုးတက်မြင့်မားရေး၊ ပိုမိုသာယာဝပြောရေး၊ ပိုမိုအေးချမ်းတည်ငြိမ်ရေးအတွက် တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ရမယ့် တာဝန်လည်းရှိတယ်ဆိုတာကို သတိရသင့်ပါတယ်။ ပြည်ထောင်စုရဲ့အရေးဟာ ကိုယ့်အရေးလို့တွေးပြီး အရေးအရာကိစ္စမှန်သမျှမှာ ကိုယ်တတ်စွမ်းသမျှ ပါဝင်အားဖြည့်ကြမယ်ဆိုတဲ့ အတွေးမျိုးကို စဉ်ဆက်မပြတ် မွေးမြူထားကြရမှာ ဖြစ်ပါတယ်။

တစ်ဦးချင်းစီကို စုစည်းပြီး မိသားစုရယ်လို့ဖြစ်တည်လာတာ။ မိသားစုတွေ၊ အိမ်ထောင်စုတွေ ဖွဲ့စည်းထားလို့ ကျေးရွာတွေ၊ ကျေးရွာအုပ်စုတွေ၊ ရပ်ကွက်တွေဖြစ်လာတာ။ ရပ်ကွက်တွေကိုစုစည်းပြီးတော့ မြို့၊ မြို့နယ်၊ မြို့နယ်တွေကို စုစည်းပြီးတော့ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် စသည်အားဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားလို့သာ ပြည်ထောင်စုကြီး ဖြစ်လာတာပါ။ အခြေခံကို ပြန်ကောက်ကြည့်လိုက်တော့ နိုင်ငံတော်ဆိုတာလည်း နိုင်ငံသားတစ်ဦးချင်းစီနဲ့ ဖွဲ့စည်းထားတာပါပဲ။ တစ်ဦးချင်း တစ်ယောက်ချင်းစီရဲ့ အခြေအနေအပေါ် မူတည်ပြီးတော့ တိုင်းပြည်ရဲ့အခြေအနေဟာ ပြောင်းလဲသွားနိုင်ပါတယ်။ ဒ့ါကြောင့် တစ်ဦးချင်းတစ်ယောက်ချင်းစီတိုင်းက တိုင်းပြည်ကြီးတစ်ခုလုံးအတွက် အရေးကြီးတယ်ဆိုတာကို သတိမူရမှာ ဖြစ်ပါတယ်။

### တိုင်းရင်းသားအားလုံး စုပေါင်းကာကွယ်ဖို့လို

ပြည်ထောင်စုနေ့ကြီးရဲ့ အမျိုးသားရေး ဦးတည်ချက်တွေထဲမှာ နံပါတ်(၁) အချက်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ ဒီအချက်တွေကို စုပေါင်းအင်အားနဲ့ ဆောင်ရွက်ရမယ်လို့ ဆိုထားတာကို သတိပြုရမှာ ဖြစ်ပါတယ်။ နံပါတ် (၁) အချက်ကို အလွယ်ပြောရင်တော့ တို့တာဝန်အရေးသုံးပါး ဖြစ်ပါတယ်။ တို့တာဝန်အရေးသုံးပါးကို အာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်ကသာ ကာကွယ်ရမှာ မဟုတ်ဘူး။ တိုင်းရင်းသားအားလုံးစုပေါင်း ကာကွယ်ရမယ်လို့ ရည်ညွှန်းထားတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

သာမန်အားဖြင့်ကြည့်လိုက်တော့ ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲအောင်၊ အချုပ်အခြာ အာဏာတည်တံ့အောင်လုပ်ရမယ့် တာဝန်တွေက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်သုံးရပ်က တာဝန်ရှိသူတွေမှာသာလျှင် တာဝန်ရှိလိမ့်မယ်လို့ ထင်စရာရှိပါတယ်။ မဟုတ်ပါဘူး။ အားလုံး မှာ တာဝန်ကိုယ်စီ ရှိနေပါတယ်။ မဏ္ဍိုင်သုံးရပ်က ပုဂ္ဂိုလ်တွေမှာ ကြီးလေးတဲ့ တာဝန်တွေရှိနေသလိုပဲ ပြည်ထောင်စုသားတစ်ဦးချင်းစီမှာလည်း ကိုယ်စီတာဝန်တွေ ရှိနေကြပါတယ်။

> **“ပြည်ထောင်စုနေ့ကြီးမှာ အမျိုးသားရေး ဦးတည်ချက်ကြီး (၅)ရပ် ချမှတ်ထားတာကို အားလုံးအသိ ဖြစ်ပါလိမ့်မယ်။ ဒီဦးတည်ချက်ကြီးတွေဟာ တကယ်တော့ ဒီနေ့ ဒီအချိန်၊ ဒီပြည်ထောင်စုနေ့ တစ်နေ့တစ်ရက်တည်းအတွက်သာ သီးသန့်ချမှတ်ထားတာ မဟုတ်ပါဘူး။ ဒီနေ့ကို အကြောင်းပြုပြီးတော့ ရှေ့ကိုဘယ်လို ဆက်သွားမယ်ဆိုတဲ့ ဦးတည်ချက်တွေ ဖြစ်ပါတယ်။ ဒီဦးတည်ချက်တွေကို အောင်မြင်မှု မရမချင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြမှာ ဖြစ်ပါတယ်”**

နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ဘူးဆိုပေမယ့် နှမ်းဆယ်တင်း၊ ဆယ့်ငါးတင်းဆိုတာလည်း သေချာပြန်ကြည့်လိုက်တော့ နှမ်းစေ့တစ်စေ့စီ စုထားတာကိုတွေ့ရမှာပါပဲ။ တိုင်းရင်းသားတစ်ဦးစီနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုကြီး မပြိုကွဲရေးဆိုတာ တိုင်းရင်းသားတစ်ဦး တစ်ယောက်ချင်းစီရဲ့ ခံယူချက်၊ စိတ်နေစိတ်ထား၊ အရည်အချင်း စတာတွေအပေါ်မှာ မူတည်နေပါတယ်။ ဒီပြည်ထောင်စုကြီးရဲ့ အရေးဟာ ကိုယ့်အရေးမဟုတ်ဘူး။ ကိုယ်နဲ့မဆိုင်ဘူးလို့ မတွေးသင့်ပါဘူး။

တချို့ကလည်း ကိုယ်လုပ်မှ ကိုယ်စားရတာ၊ လူတွေမူ တွေဘယ်လိုပဲပြောင်းပြောင်း စိတ်ဝင်စားစရာမရှိပါဘူးလို့ ပြောတတ်ကြပါတယ်။ သေချာတွေးကြည့်လိုက်တော့လည်း ကိုယ်လုပ်မှ ကိုယ်စားရတာတော့ အမှန်ပါပဲ။ ဒါပေမယ့်လည်း သေသေချာချာဆက်ပြီး စဉ်းစားကြည့်လိုက်မယ်ဆိုရင် ကိုယ်လုပ်တဲ့ဟာကို ကိုယ်စားနေရရင်ကိုပဲ တော်လှပြီဆိုတဲ့ အဖြေကို တွေ့လာမှာပါ။ ဟုတ်ပါတယ်။ ကိုယ်လုပ်မှ ကိုယ်စားရတာကတော့ သဘာဝပါပဲ။ ဘယ်လောက်တိုးတက်ဖွံ့ဖြိုးတဲ့ တိုင်းပြည်မှာပဲ ဖြစ်ဖြစ် ကိုယ်လုပ်မှ ကိုယ်စားရတာပါပဲ။ တစ်ခုခုအတွက် အထောက်အပံ့ပေးတာမျိုးကတော့ ခြွင်းချက်ထားပါတော့။ အဓိကကတော့ ဘယ်အရပ်ဒေသမှာပဲဖြစ်ဖြစ် ကိုယ်လုပ်မှ ကိုယ်စားရတာပါ။ မလုပ်ဘဲစားရတဲ့ တိုင်းပြည်မရှိပါဘူး။ တိုင်းပြည်တစ်ခု၊ ဒေသတစ်ခုမှာမလုပ်ဘဲ စားနေရတဲ့သူတွေရှိနေခဲ့မယ်ဆိုရင်လည်း အဲ့ဒီပုဂ္ဂိုလ်တွေ စားနေရတာတွေက အမှန်တကယ်လုပ်ကိုင်နေသူတွေဆီက ယူပြီးစားတာမျိုးသာဖြစ်တဲ့အတွက် တကယ်လုပ်နေတဲ့သူတွေက လုပ်သလောက်မစားရဘူးဆိုတဲ့အဓိပ္ပာယ်ကို ရောက်သွားပါတယ်။ ဒီတော့ ကိုယ်လုပ်တာလေးတောင် ကိုယ်မစားရတော့တဲ့ကိန်း ဆိုက်သွားတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

### လောကပါလတရားထွန်းကားမှသာလျှင်

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေ ထွန်းကားတဲ့ အရပ်ဒေသမှာတော့ ကိုယ်လုပ်မှ ကိုယ်စားရတာဖြစ်ပြီး ဒီတရားတွေ မထွန်းကားတဲ့အရပ်မှာတော့ လုပ်တဲ့သူတွေက ကုန်းရုန်းလုပ်ကိုင်ကြရပြီး ကိုယ်လုပ်သလောက် ကိုယ်ပြန်မစားရပေမယ့် ဘာမှမလုပ်ဘဲ စားနေရသူတွေ ရှိနေမှာ ဖြစ်ပါတယ်။ လောကပါလတရားတွေ အားကောင်းရင် အားကောင်းသလို ကိုယ်လုပ်တာကို ပြည့်ပြည့်ဝဝ ပြန်လည်စားသုံးခွင့်ရပြီး အားနည်းချက်တွေရှိလာရင်တော့ လုပ်ရကိုင်ရတာနဲ့ စားသုံးရတာအချိုးမညီ ဖြစ်နေနိုင်ပါတယ်။ ဒီတော့ သေသေချာချာ ပြန်စဉ်းစားကြည့်မယ်ဆိုရင် ကိုယ်လုပ်မှ ကိုယ်စားရတယ်ဆိုတဲ့ဟာလေးက သိပ်တော့မဆိုးဘူးဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ သိပ်မဆိုးတာတောင် မဟုတ်ပါဘူး။ တော်တော်ကို ကောင်းတာ ဖြစ်ပါတယ်။ ကိုယ်လုပ်မှ ကိုယ်စားရတယ်။ ဒါအလွန်ရှင်းလင်းတဲ့ အဆိုတစ်ခုပါပဲ။ အရေးကြီးတာတစ်ခုတော့ ရှိပါတယ်။ ကိုယ်လုပ်နေပါလျက်နဲ့ ကိုယ်မစားရတဲ့ကိန်းဆိုက်မသွားဖို့တော့ အလွန်အရေးကြီးပါတယ်။

ကိုယ်လုပ်တာ ကိုယ်စားရဖို့၊ ကိုယ်လုပ်တာတွေ သူများစားမသွားဖို့အတွက်က တိုင်းရေးပြည်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စိတ်ဝင်တစားရှိပြီးတော့ နိုင်ငံသားတစ်ဦးချင်းစီရဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့လိုပါတယ်။ တာဝန်တွေရှိသလို အခွင့်အရေးတွေလည်း ရှိနေပါတယ်။ ပြည်ထောင်စုကြီး မပြိုကွဲဖို့အတွက် တိုင်းရင်းသားတစ်ဦးချင်းစီမှာ တာဝန်ရှိပါတယ်။ ကိုယ့်ရှေ့မှာ ဘယ်သူကလာပြောပြော ပြိုကွဲဖို့ အရိပ်အရောင်မျိုးဆိုရင် လက်မခံဘူး။ အကွဲအပြဲအတွက် ဝါဒဖြန့်မှုမျိုးကို နားမဝင်ဘူးဆိုရင်၊ တိုင်းရင်းသားတွေထဲက ဘယ်သူကမှ ပြိုကွဲဖို့ ဆန္ဒမရှိဘူးဆိုရင် ဒီပြည်ထောင်စုကြီး နောင်အနာဂတ်ကာလတစ်လျှောက်လုံး ဘယ်တော့မှ ပြိုကွဲနိုင်မှာမဟုတ်ပါဘူး။

နောက်တစ်ချက်က နိုင်ငံသားတာဝန်လို့ ဆိုရာမှာ ကျန်တဲ့တာဝန်တွေအပြင် ကိုယ်စားပြုပုဂ္ဂိုလ်ရွေးချယ်မှုလည်း ပါဝင်နေပါတယ်။ ကိုယ်လုပ်တာ ကိုယ်စားရမယ့် အခြေအနေမျိုး၊ တစ်နည်းအားဖြင့် ဆူကြုံနိမ့်မြင့်မရွေး လူတန်းစားအားလုံးအတွက် မျှတခြင်းတွေကို ဆောင်ကြဉ်းပေးနိုင်မယ့် ပုဂ္ဂိုလ်မျိုးတွေကို ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ် ရွေးချယ်ပေးနိုင်ဖို့လိုပါတယ်။

### တစ်ဦးချင်းအပေါ် မူတည်နေ

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကလည်း တိုင်းရင်းသားတစ်ဦးချင်းစီအပေါ်မှာသာ မူတည်နေတာပါပဲ။ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး စိတ်ဝမ်းကွဲတာကိုမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထိခိုက်တယ်လို့ ဆိုနိုင်တာ မဟုတ်ပါဘူး။ တောင်ဘက်အိမ်နဲ့ မြောက်ဘက်အိမ် မတည့်ရာကစပြီး ရွာတောင်ပိုင်း၊ မြောက်ပိုင်းနှစ်ခြမ်းကွဲတာမျိုး၊ တစ်ရွာနဲ့ တစ်ရွာ ကမ္ဘာ့ရန်တွေ ဖြစ်နေကြတာမျိုး၊ ဟိုအုပ်စုနဲ့ ဒီအုပ်စု၊ ဟိုဘက်အဖွဲ့နဲ့ ဒီဘက်အဖွဲ့မတည့်ကြတာတွေကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေတာပါပဲ။ ဒီတော့ ကိုယ်စီကိုယ်စီက ကိုယ့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စိတ်ဝမ်းကွဲပြားစေမယ့် အပြောအဆို၊ အပြုအမူမျိုးကို ဝေးဝေးရှောင်ပြီး ညီညွတ်ရေးအတွက်ကိုသာ ရှေးရှုနေထိုင်ပြောဆိုမယ်ဆိုရင် စည်းလုံးညီညွတ်မှုဆိုတာ ဘယ်သောအခါမှ ပြိုကွဲတော့မှာ မဟုတ်ပါဘူး။

တစ်ဖက်နဲ့တစ်ဖက် ကုန်းတိုက်တဲ့ ပိသုဏဝါစာ စကားတွေရဲ့အန္တရာယ်ကို အထူးသတိပြုကြရမှာပါ။ ကိုယ်ကိုယ်တိုင် ရှောင်ကြဉ်သလို သူတစ်ပါးပြောဆိုနေတာတွေ့ရင်လည်း ဒီလိုမပြောသင့်တဲ့အကြောင်း၊ ညီညွတ်ရေးကို ရှေးမရှုတဲ့ စကားမျိုးပြောဆိုတာဟာ အလွန်အန္တရာယ်ကြီးတဲ့အကြောင်း သတိပေးသင့်ရင်ပေးကြရမှာပါ။ ဒါမှသာ ရေရှည်အတွက် ကောင်းနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ထာဝရအတွက် ယုံယုံကြည်ကြည် လက်တွဲနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးပါ။ ဒီစကားရပ်တွေကို တချို့က လိုရာဆွဲပြီး အဓိပ္ပာယ် ကောက်လိုက်တော့ အချုပ်အခြာအာဏာဆိုတဲ့ စကားလုံးတွေက သိပ်တင်းမာလွန်းတဲ့ စကားလုံးကြီးတွေပဲ ဖြစ်နေသလိုလို ထင်မှတ်မှားသွားတတ်ကြပါတယ်။ တကယ်တော့ အချုပ်အခြာအာဏာဆိုတာဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုတဲ့ အာဏာသုံးရပ်ကိုဆိုလိုတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်လည်း မဏ္ဍိုင်ကြီးသုံးရပ်ဆိုတာ တာဝန်တွေလို့ပဲ ရှုမြင်ရမှာ ဖြစ်ပါတယ်။ ဘယ်သူကတော့ ဘာတာဝန်ကိုယူ၊ ဘယ်သူတွေကတော့ဖြင့် ဘယ်အဖွဲ့အစည်းတွေမှာ အလုပ်လုပ်ဆိုပြီးတော့ တာဝန်ခွဲဝေသတ်မှတ်ပေးထားမှုသာ ဖြစ်ပါတယ်။ ဒီဟာကိုပဲ အာဏာလို့ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒီအာဏာကလည်း ပြည်သူလူထုဆီကနေ ဆင်းသက်လာခြင်း ဖြစ်ပါတယ်။ ဒီတော့အာဏာဆိုတဲ့စကားလုံးဟာ လန့်စရာစကားလုံးတစ်ခု မဟုတ်ဘဲပင်ကိုအားဖြင့်တော့ မွန်မြတ်တဲ့ စကားရပ်တစ်ခုသာ ဖြစ်တယ်လို့ဆိုနိုင်မှာ ဖြစ်ပါတယ်။ အာဏာအလွဲသုံးမှုသာ မဖြစ်ဖို့သာ လိုပါတယ်။ အာဏာကို မတရားတဲ့ နည်းလမ်းနဲ့ သိမ်းယူခြင်းမပြုဖို့သာ လိုပါတယ်။ နိုင်ငံတစ်ခုအတွက် သက်ဆိုင်ရာ နိုင်ငံသားတွေက အပ်နှင်းလိုက်တဲ့ အာဏာမျိုးကို ရယူဆောင်ရွက်ခြင်းမျိုး၊ ရရှိထားတဲ့အာဏာကို လျော်ကန် သင့်မြတ်သလို သုံးစွဲဆောင်ရွက်ခြင်းမျိုးဟာ ချီးကျူးထိုက်တဲ့ လုပ်ရပ်တစ်ခုသာဖြစ်ပါတယ်။

### အချုပ်အခြာအာဏာသည် တိုင်းပြည်အတွက်အရေးကြီး

ဒါနဲ့တစ်ဆက်တည်းပဲ တင်ပြလိုတာကတော့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတာ ဘယ်တိုင်းပြည်အတွက်မဆို အလွန်အရေးကြီးပါတယ်ဆိုတဲ့အကြောင်းပါ။ နိုင်ငံတစ်ခုမှာ အချုပ်အခြာအာဏာ ယိမ်းယိုင်သွားပြီဆိုရင်၊ အချုပ်အခြာအာဏာမရှိတော့ဘူးဆိုရင် အဲ့ဒီနိုင်ငံဟာ ကျဆုံးခန်းကို ရောက်တော့တာပါပဲ။ နိုင်ငံကြီးတစ်ခုလုံး ကျရှုံးပြီဆိုတာနဲ့ အဲ့ဒီနိုင်ငံမှာ နေထိုင်တဲ့သူတွေအားလုံးရဲ့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတွေရဲ့အရေးအရာတွေ မှန်သမျှအခက်အခဲပေါင်းမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့ကြရမှာပါပဲ။ ဒီတော့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတာ အလွန်အရေးကြီးတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဘယ်သူ့ဆီမှာတည်တံ့နေရမှာလဲဆိုတော့ ပြည်ထောင်စုသားအားလုံးဆီမှာ တည်တံ့နေရမှာဖြစ်ပါတယ်။ အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်အစစ်သည်ပြည်သူတစ်ရပ်လုံး ဖြစ်ပါတယ်။ ဒီပြည်သူတွေကသာ ရွေးကောက်ပွဲတွေမှာ ဘယ်သူ့ကိုဘယ်အာဏာအပ်နှင်းမယ်ဆိုတာကို အဆုံးအဖြတ်ပြုကြရတာ ဖြစ်ပါတယ်။ ဒ့ါကြောင့် သေချာ ပြန်ဆန်းစစ်ကြည့်လိုက်ရင် တို့တာဝန်အရေးသုံးပါးစလုံးအတွက် ပြည်ထောင်စုသားတစ်ဦးချင်း တစ်ဦးချင်းစီမှာ ကိုယ်စီတာဝန်တွေရှိနေကြတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီအရေးသုံးပါးကို စုပေါင်းအင်အားနဲ့ ကာကွယ်ရမယ်လို့လည်း ဦးတည်ချက်ချမှတ်ထားတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူတစ်ဦးချင်းစီမှာ အာဏာရှိတယ်လို့သာဆိုတယ်၊ တချို့နေရာတွေမှာတော့ ဒီလိုမဟုတ်ပါပဲလားလို့ စောဒကတက်စရာရှိပါတယ်။ အဲ့ဒီအချက်အတွက်ပဲ ပြည်သူ့အာဏာ ပြည်သူ့လက်ပြန်အပ်ဖို့၊ တိုင်းရင်းသားတွေရဲ့ အရေးကို တိုင်းရင်းသားတွေကိုယ်တိုင် ပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့အတွက် ဒီကနေ့အချိန်မှာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု နဲ့ လျော်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးကို ကြိုးပမ်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုမှာ ပြည်ထောင်စုသားအားလုံး တက်ညီလက်ညီ ပါဝင်ဆင်နွှဲကြမှသာလျှင် အားလုံးမျှော်လင့်နေတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အားလုံးရဲ့ဆန္ဒတွေနဲ့အညီ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုနေ့ကြီးမှာ အမျိုးသားရေး ဦးတည်ချက် ကြီး (၅)ရပ် ချမှတ်ထားတာကို အားလုံးအသိ ဖြစ်ပါလိမ့် မယ်။ ဒီ ဦးတည်ချက်ကြီးတွေဟာ တကယ်တော့ ဒီနေ့ဒီအချိန်၊ ဒီ ပြည်ထောင်စုနေ့ တစ်နေ့တစ်ရက်တည်းအတွက်သာ သီးသန့် ချမှတ်ထားတာ မဟုတ်ပါဘူး။ ဒီနေ့ကို အကြောင်းပြု ပြီးတော့ ရှေ့ကိုဘယ်လို ဆက်သွားမယ်ဆိုတဲ့ ဦးတည်ချက်တွေ ဖြစ်ပါတယ်။ ဒီ ဦးတည်ချက်တွေကို အောင်မြင်မှု မရမချင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုနေ့တွေ ရောက်တိုင်း ပြည်ထောင်စုရဲ့အစ ခရီးကို ပြန်လည်လှမ်းမျှော်ကြည့်ပြီး လက်ရှိ အခြေအနေတွေနဲ့ ပြန်လည်နှိုင်းယှဉ် သုံးသပ်သင့်သလို ဒီ ပြည်ထောင်စုကြီး ဒီ့ထက်မက တိုးတက်အောင်မြင်ဖို့အတွက်၊ ဒီ့ထက်မကဖွံ့ဖြိုးဖို့ အတွက်၊ ဒီ့ထက်မက ငြိမ်းချမ်းသာယာဖို့အတွက် ဘယ်နေရာ ဘယ်ကဏ္ဍတွေမှာ ဘာတွေများ ထပ်ပြုပြင်ကြရင် ကောင်းမလဲ ဆိုတာကို လေးလေးနက်နက် စဉ်းစားဆင်ခြင်သင့်ပါတယ်။ နိုင်ငံတော်ပိုင်းကတော့ ဒီလိုစဉ်းစားမိလို့လည်းပဲ ဘာတွေ ဘာတွေတော့ ဦးတည်ဆောင်ရွက်မယ်ဆိုတဲ့ အမျိုးသားရေး ဦးတည်ချက်တွေကို ချမှတ်ထုတ်ပြန်ပေးထားတာ ဖြစ်ပါတယ်။

### ခွင့်သာတုန်းမှာ ရုန်းကြရအောင်ပါ

စောစောကတင်ပြခဲ့သလို အမျိုးသားရေး ဦးတည်ချက်တွေ အောင်မြင်ဖို့အတွက်က နိုင်ငံတော်အကြီးအကဲတွေ၊ တာဝန်ရှိသူတွေချည်း ဆောင်ရွက်နေရုံနဲ့ မအောင်မြင်နိုင်ပါဘူး။ အမျိုးသားရေးဦးတည်ချက်ဖြစ်တဲ့အတွက် တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းကြမှသာ အောင်မြင်မှုရနိုင်တာ ဖြစ်ပါတယ်။ သမိုင်းမော်ကွန်းဆိုတာမျိုးကို တစ်ဦးတစ်ယောက်တည်း၊ တစ်စုတစ်ဖွဲ့တည်း ရေးထိုးနိုင်ဖို့ဆိုတာ တော်တော်ကို ခက်ခဲပါတယ်။ အားလုံးစုစည်းပြီးတော့ တက်ညီလက်ညီ ရေးထိုးကြမယ်ဆိုရင်တော့ မဖြစ်နိုင်စရာ အခြေအနေနည်းပါးနေမှာဖြစ်ပါတယ်။

ပင်လုံစာချုပ်ကြီးရဲ့သက်တမ်းနှစ်ပေါင်း ခုနစ်ဆယ်ကျော်ကြာမြင့်လာတဲ့ ဒီလိုအခါသမယမျိုးမှာ ရှေးကဘိုးဘေးတွေ မျှော်လင့်ခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်မယ်ဆိုတဲ့ ဦးတည်ချက်တွေလည်း ရှိနေပြီဖြစ်ပါတယ်။ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ပါဝင်ဆောင်ရွက်နိုင်ခွင့်တွေလည်းရနေပြီ ဖြစ်ပါတယ်။

ဒီလိုအခွင့်အရေးမျိုးဟာ သမိုင်းတစ်လျှောက်မှာ ဘယ်နှကြိမ်လောက်ရခဲ့ကြသလဲဆိုတာကို ပြန်ကြည့်လိုက်မယ်ဆိုရင် လက်ရှိရနေတဲ့ လက်တွဲကြိုးပမ်းနိုင်ခွင့် အခွင့်အရေးဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒ့ါကြောင့် ရရှိလာတဲ့ ကြုံတောင့်ကြုံခဲ အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ပြီးတော့ ပြည်ထောင်စုသားအားလုံး ပြည်ထောင်စုသားတိုင်းရဲ့ တာဝန်တွေကျေနိုင်ဖို့အတွက် ခွင့်သာတုန်းမှာ ရုန်းလိုက်ကြရအောင်ပါလို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

## ဂျူဗင်တပ်စ်အသင်းကို ရွေးချယ်ခြင်းသည် ကောင်းမွန်သည့် ဆုံးဖြတ်ချက်ဖြစ်လာမည်ဟု ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ ဖခင်ဖြစ်သူ ပြောဆို


ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အနေဖြင့် လာမည့် နွေရာသီဈေးကွက်ကာလအတွင်း ဂျူဗင်တပ်စ်အသင်း သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့မည်ဆိုပါက အဆိုပါ ဆုံးဖြတ်ချက်သည် ကောင်းမွန်သည့် ဆုံးဖြတ်ချက်ဖြစ်လာမည်ဖြစ်ကြောင်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ ဖခင်ဖြစ်သူ ဝီလ်ဆင်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် (၂၇ နှစ်)သည် ၂၀၁၇ ခုနှစ် နွေရာသီအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ နှစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ရီးရဲအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်အရ ဘိုင်ယန်အသင်းအနေဖြင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ အငှားစာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် ယူရို ၄၂ သန်းဖြင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အပြီးသတ်ခေါ်ယူရန် အခွင့်အရေးရှိနေသည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အပြီးသတ်ဝယ်ယူနိုင်မည့် အခွင့်အရေးကို ရယူဖွယ်မရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ ဖခင်ဖြစ်သူ ဝီလ်ဆင်က " ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ကမ်းလှမ်းမှု အများအပြား ရရှိထားပါတယ်။ သူနဲ့ ဂျူဗင်တပ်စ်အသင်း ကစားသမား ရော်နယ်ဒို တို့ကလည်း ရင်းနှီးသူတွေပါ။ အီတလီဘောလုံးလောကကို ကျွန်တော်မြင်တွေ့ရပုံအရဆိုရင် ဂျူဗင်တပ်စ်အသင်းကို ရွေးချယ်ခြင်းဟာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်အတွက် ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်ဖြစ်လာပါလိမ့်မယ်" ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

## တိုက်စစ်မှူး ဆာလာအတွက် ပြောင်းရွှေ့ကြေး ပေးချေရန် ကာဒစ်ဖ်အသင်းကို နန့်စ်အသင်း တောင်းဆို




ပြင်သစ်ကလပ် နန့်စ်အသင်းသည် တိုက်စစ်မှူး အီမီလီယာနိုဆာလာအတွက် ပြောင်းရွှေ့ကြေး ပေးချေရန် ပရီမီယာလိဂ်ကလပ် ကာဒစ်ဖ်အသင်းကို တောင်းဆိုလိုက်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

နန့်စ်အသင်းသည် အာဂျင်တီးနား တိုက်စစ်မှူး ဆာလာကို ခေါ်ယူခြင်းအတွက် ပေးချေရမည့် ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နောက်ဆုံးထားပေးချေရန်အတွက် ကာဒစ်ဖ်အသင်းထံသို့ နန့်စ်အသင်းက ပြီးခဲ့သည့် ဖေဖော်ဝါရီ ၅ ရက်တွင် အီးမေးလ်မှတစ်ဆင့် တရားဝင် အကြောင်းကြားစာ ပေးပို့ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်နိုင်ငံ နန့်စ်မြို့မှ ကာဒစ်ဖ်မြို့သို့ လေယာဉ်ဖြင့် ပြန်လာစဉ် ဇန်နဝါရီ ၂၁ ရက် ညပိုင်းတွင် အဆိုပါလေယာဉ်သည် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံကြားရှိ English ရေလက်ကြားအတွင်း တည်ရှိသော Channel ကျွန်းစုအနီးတွင် ပျောက်ဆုံးသွားခဲ့သည်။

နန့်စ်အသင်းနှင့် ကာဒစ်ဖ်အသင်းတို့ သဘောတူညီမှုအရ ကာဒစ်ဖ်အသင်းနှင့် တိုက်စစ်မှူး ဆာလာတို့ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် စာချုပ်ချုပ်ဆိုပြီးနောက် ခုနစ်ရက်အတွင်း ကာဒစ်ဖ်အသင်းအနေဖြင့် နန့်စ်အသင်းထံသို့ ပထမအကြိမ် ငွေပေးသွင်းရမည် ဖြစ်သည်။ သို့သော်လည်း ကာဒစ်ဖ် အသင်းအနေဖြင့် တိုက်စစ်မှူး ဆာလာ စီးနင်းလာပြီး ပျောက်ဆုံးသွားခဲ့သည့် လေယာဉ်အား ရှာဖွေမှုများ အဆုံးမသတ်မီတွင် မည်သည့်ငွေပေးချေမှုကိုမှ ပြုလုပ်ခြင်းမပြုရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ ယခုအခါ နန့်စ်အသင်း၏ တောင်းဆိုမှုကြောင့် ကာဒစ်ဖ်အသင်းနှင့် နန့်စ်အသင်းတို့သည် တရားရင်ဆိုင်ဖြေရှင်းရဖွယ်ရှိနေပြီဖြစ်သည်။

တိုက်စစ်မှူး ဆာလာ စီးနင်းလိုက်ပါလာသည့် လေယာဉ်၏ အပျက်အစီးများကို ရေအောက်တွင် ရှာဖွေတွေ့ရှိထားပြီး အဆိုပါ အပျက်အစီးများအကြားတွင် ရုပ်အလောင်းတစ်ခုကိုလည်း ရှာဖွေတွေ့ရှိထားရာ တာဝန်ရှိသူများက အဆိုပါ ရုပ်အလောင်းသည် တိုက်စစ်မှူး ဆာလာ သို့မဟုတ် လေယာဉ်မှူး ဒေ့ဗ်အိုင်ဘော့ဆန်၏ ရုပ်အလောင်းဖြစ်သည်ကိုမူ အသိပေးပြောဆိုခြင်း မရှိသေးပေ။

**ထက်အောင်**

## ဟာဇက်၏နေရာတွင် အစားထိုးရန် အင်ဇိုင်နီနှင့် ရစ်ချက်လီဆန်တို့ကို ချယ်လ်ဆီး ပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အသင်းမှ တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်ကို ဆုံးရှုံးခဲ့ရပါက နာပိုလီအသင်း တိုက်စစ်ကစားသမား အင်ဇိုင်နီနှင့် အဲဗာတန်အသင်း တိုက်စစ်ကစားသမား ရစ်ချက်လီဆန်တို့ကို အစားထိုး ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း Daily Mail သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိတော့သည့် ဘယ်လ်ဂျီယံ ကစားသမား ဟာဇက်ကို ရီးရဲမက်ဒရစ်အသင်းက လာမည့် နွေရာသီဈေးကွက်ကာလအတွင်း တွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ တိုက်စစ်ကစားသမား ဟာဇက်ကလည်း ရီးရဲမက်ဒရစ်အသင်းတွင် ပါဝင်ကစားခွင့်ရရှိရေးသည် မိမိ၏ အိပ်မက်တစ်ခုဖြစ်ကြောင်း ဖွင့်ဟပြောဆိုထားခြင်းကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့် နွေရာသီအတွင်း ဟာဇက်ကို ဆုံးရှုံးရမည့် အလားအလာရှိနေသည်။

ချယ်လ်ဆီးအသင်းသည် နာပိုလီအသင်းမှ အီတလီကစားသမား အင်ဇိုင်နီ (၂၇နှစ်)အား ခေါ်ယူရန် ရည်မှန်းထားသော်လည်း နာပိုလီအသင်းတာဝန်ရှိသူများက အင်ဇိုင်နီ၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၁၄၀ သတ်မှတ်ထားခြင်းသည် ချယ်လ်ဆီးအသင်းအတွက် ကြီးမားသည့် အတားအဆီးတစ်ခုဖြစ်လာနိုင်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် အင်ဇိုင်နီကို ခေါ်ယူရန် အခက်အခဲများ ရှိလာပါက အဲဗာတန်အသင်းမှ ဘရာဇီးကစားသမား ရစ်ချက်လီဆန်ကို ခေါ်ယူရေး ပြောင်းလဲကြိုးစားလာဖွယ်ရှိနေသည်ဟုဆိုသည်။ ချယ်လ်ဆီးအသင်းသည် ၂၀၁၇ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ရစ်ချက်လီဆန်ကို ဘရာဇီးကလပ် ဖလူမီနီစီအသင်းမှ ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း ရစ်ချက်လီဆန်သည် ဝက်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းတွင် ဝက်ဖို့ဒ်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ထပ်မံပြောင်းရွှေ့ခဲ့သည်။

**ထက်အောင်**

# မာတာရဲ့အနာဂတ်ကို မျှော်ကြည့်ခြင်း

**အောင်က**




မန်ယူအသင်း ကွင်းလယ်ကစားသမား မာတာဟာ ပရီမီယာလိဂ်နဲ့ ရင်းနှီးသူတိုင်းက ကစားသမားကောင်း တစ်ဦးဆိုတာကို အသိအမှတ်ပြုထားကြတာ ဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်ထိပ်တန်းအသင်း နှစ်သင်းမှာ အောင်မြင်စွာခြေစွမ်းပြကစားထားနိုင်သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့အရည်အချင်းတွေ၊ လုပ်နိုင်စွမ်းတွေကတော့ မန်နေဂျာတိုင်းကလည်း သဘောကျနှစ်သက်ရတဲ့သူလည်းဖြစ်ပါတယ်။ မာတာဟာ အင်္ဂလန်မြေမှာတော့ ချယ်လ်ဆီး၊ မန်ယူအသင်းတို့နဲ့အတူ ပွဲပေါင်း ၃၄၃ ပွဲပါဝင်ကစားကာ ၇၆ ဂိုးသွင်းယူထားသူဖြစ်ပြီး အက်ဖ်အေဆုဖလား၊ ချန်ပီယံလိဂ်ဆုဖလား၊ လိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဆုဖလား နှစ်ကြိမ်ရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဒါပေမယ့် အခုတော့သူဟာအသင်းမှာ ပုံမှန်ကစားခွင့်ရဖို့ ရုန်းကန်နေရပြီလို့ ဆိုရမှာပါ။ လက်ရှိစာချုပ်သက်တမ်းကလည်း ခြောက်လသာကျန်တော့တာကြောင့်သူ့ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီးလည်း သတင်းတွေကထွက်ပေါ်နေပြီ။ မန်ယူအသင်းအနေနဲ့ကတော့ စာချုပ်သက်တမ်းတိုးမယ်ဆိုရင်တောင် တစ်နှစ်ထက်ပိုပြီးတိုးဖို့ မရှိဘူး။ ဒါကြောင့် မာတာအနေနဲ့ မန်ယူအသင်းကနေ ထွက်ခွာမယ်ဆိုရင် ဘယ်ကိုသွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

### စိတ်ကူး

ကမ္ဘာကျော်ထိပ်တန်းသတင်းစာတွေရဲ့ အဆိုအရတော့ မာတာရဲ့ အခြေအနေကို စောင့်ကြည့်နေကြတဲ့ ထိပ်တန်းအသင်း လေးသင်းထဲမှာ ဘာစီလိုနာအသင်းက တစ်သင်း အပါအဝင်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း မာတာအနေနဲ့ မက်ဆီ၊ ပီကေးတို့နဲ့ တွဲကစားခွင့်ရမယ့်အခွင့်အရေးသာ ရှိလာခဲ့မယ်ဆိုရင်တော့ ငြင်းပယ်ဖို့တောင် ခက်ခဲနိုင်ပါတယ်။

မကြာသေးခင်ကလည်း မာတာက စပိန်ကိုလွမ်းဆွတ်နေတဲ့အကြောင်းကို "အခုအချိန်မှာတော့ ကျွန်တော်ဟာ အင်္ဂလန်မှာရှိနေပေမယ့် အမှန်အတိုင်း ပြောရမယ်ဆိုရင် စပိန်က ကျွန်တော့်ရဲ့အိမ်၊ ကျွန်တော့်ရဲ့မိသားစုနဲ့ သူငယ်ချင်းတွေကို သတိရနေပါတယ်။ ကျွန်တော့်အနေနဲ့ မကြာခင်မှာစပိန်ကို ပြန်ဖို့ရှိလားဆိုတာကိုတော့ မသိပါဘူး။ အခုအချိန်မှာတော့ ကျွန်တော်ဟာ ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်တဲ့ မန်ယူအသင်းမှာ ရှိနေတာဖြစ်ပြီး တည်ငြိမ်နေပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

> **အခုအချိန်မှာတော့ ကျွန်တော်ဟာ အင်္ဂလန်မှာရှိနေပေမယ့် အမှန်အတိုင်း ပြောရမယ်ဆိုရင် စပိန်က ကျွန်တော့်ရဲ့ အိမ်၊ ကျွန်တော့်ရဲ့မိသားစုနဲ့ သူငယ်ချင်းတွေကို သတိရနေပါတယ်။ ကျွန်တော့်အနေနဲ့ မကြာခင်မှာ စပိန်ကို ပြန်ဖို့ရှိလားဆိုတာကိုတော့ မသိပါဘူး။ အခုအချိန်မှာတော့ ကျွန်တော်ဟာ ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်တဲ့ မန်ယူအသင်းမှာ ရှိနေတာဖြစ်ပြီး တည်ငြိမ်နေပါတယ်**

ဒါကြောင့် မာတာအနေနဲ့အသင်းကနေ ထွက်ခွာမယ်ဆိုရင်တော့ စဉ်းစားရမယ့်အသင်းတွေထဲမှာ စပိန်ထိပ်တန်းကလပ်ဘာစီလိုနာဟာ ထိပ်ဆုံးမှာရှိနေတယ်လို့ဆိုရမှာပါ။ ဘာစီလိုနာအသင်းကလည်း ကီဗင် ဘိုတန်လို ကစားသမားမျိုးကိုတောင် ခေါ်ယူထားတာကြောင့် မာတာကို ခေါ်ယူဖို့ဆိုတာကတော့ အလားအလာအများကြီးဖြစ်နိုင်တယ်လို့ပြောရမှာပါ။

### ဖြစ်နိုင်ခြေ

လက်ရှိအချိန်မှာတော့ မာတာရဲ့ကစားသမားဘဝက လမ်းဆုံမှာရောက်နေတယ်လို့ဆိုရမှာပါ။ သူ့အနေနဲ့ထိပ်တန်းအဆင့်ရှိတဲ့ မန်ယူ၊ ဘာစီလိုနာတို့ရဲ့ ကစားသမားအဖြစ်ပဲရှိနေမလား။ ဒါမှမဟုတ် နောက်တစ်ဆင့်နိမ့်တဲ့ အခြားအသင်းတစ်သင်းကိုပဲပြောင်းမလားဆိုတာကလည်း သူ့အတွက်တော့ စဉ်းစားစရာကောင်းတဲ့အခြေအနေလို့ဆိုရမှာ ပါ။

Daily Mail ရဲ့အဆိုအရတော့ သူ့ကိုခေါ်ယူဖို့ အသင်းဟောင်း ဗလင်စီယာအသင်းကလည်း စိတ်ဝင်စားနေပါတယ်။ မာတာအတွက်တော့ ဗလင်စီယာအသင်းဟာ အောင်မြင်မှုတွေ စတင်ပွင့်ဖူးခဲ့ရာနေရာလို့လည်း ဆိုရမှာပါ။ ဗလင်စီယာအသင်းပရိသတ်တွေရဲ့ရင်ထဲမှာလည်းသူဟာ နေရာတစ်နေရာ ရှိနေတုန်းလို့ ပြောရမှာပါ။ သူ့ရဲ့ အရည်အချင်းနဲ့ဆိုရင် ဗလင်စီယာအသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်မယ်လို့လည်း မျှော်လင့်လို့ရပါတယ်။

လက်ရှိအချိန်မှာ လာလီဂါရဲ့အဆင့် ၉ နေရာမှာရှိနေတဲ့ ဗလင်စီယာအသင်းအတွက် ထိပ်ဆုံးလေးသင်းဝင်ရောက်ရေးဟာ ကြီးမားလွန်းပေမယ့် လာမယ့်ရာသီမှာသာ မာတာရောက်လာခဲ့ရင်တော့ ဘာမဆိုဖြစ်နိုင်တယ်လို့ ဆိုရမလိုပါပဲ။ မာတာဟာ ဗလင်စီယာအသင်းမှာ ပွဲပေါင်း ၁၇၄ ပွဲကစားပြီး ၄၆ ဂိုးသွင်းကာ စပိန်ဘုရင့်ဖလားရယူပေးခဲ့တဲ့သူဖြစ်တာကြောင့် သူ့အတွက်တော့ ဗလင်စီယာဟာ အသင့်တော်ဆုံးနဲ့အဖြစ်နိုင်ဆုံးလို့တောင်ပြောရမှာပါ။

### အလားအလာ

မာတာအနေနဲ့ မန်ယူအသင်းကနေ ထွက်ခွာပြီဆိုတာနဲ့ ပရီမီယာလိဂ်ကို စွန့်ခွာမယ်လို့ အတိအကျပြောလို့ မရပါဘူး။ The Mirror ရဲ့အကြံပြုချက်တွေအရဆိုရင်တော့ အာဆင်နယ်အသင်းဟာ သူ့အတွက်တော့ အကောင်းဆုံးနေရာဖြစ်မယ်လို့ ဆိုပါတယ်။

နောက်တစ်ချက်က အင်္ဂလန်ကို ချယ်လ်ဆီးအသင်းနဲ့အတူအခြေချကစားခဲ့တာဖြစ်တာကြောင့် လန်ဒန်ဟာသူနဲ့တော့ ရင်းနှီးကျွမ်းဝင်ပြီးသားနေရာလည်းဖြစ်ပါတယ်။ ဒါ့အပြင် အာဆင်နယ်အသင်းမှာကလည်း စပိန်လူမျိုးနည်းပြဖြစ်တဲ့ အမ်မရီရှိနေတာကြောင့်လည်း သူ့အတွက်တော့ အခွင့်အရေးတွေသာတယ်လို့ပြောရမှာပါ။ အမ်မရီကလည်း ဗလင်စီယာအသင်းကို ကိုင်တွယ်ခဲ့စဉ်ကတည်းက မာတာဟာ သူ့လက်အောက်မှာ သုံးနှစ်ကြာကစားခဲ့ဖူးတဲ့သူဖြစ်တာကြောင့် သူ့ရဲ့အရည်အသွေးတွေကို ကောင်းကောင်း သိထားတယ်လို့ဆိုရမှာပါ။

အာဆင်နယ်အသင်းအနေနဲ့ကလည်း ကစားသမားသစ်တွေကို ငွေများများစားစားသုံးပြီး ခေါ်ယူဖို့မရှိတာကြောင့်လည်း နွေရာသီမှာအလွတ်နဲ့ ထွက်ခွာမယ့်မာတာဟာ အသင့်တော်ဆုံးလို့ဆိုရမှာပါ။ ဒါ့အပြင် အိုဇေးလ်ကို နှစ်သက်မှုမရှိတဲ့ အမ်မရီအတွက်တော့ မာတာဟာ အာဆင်နယ်ကွင်းလယ်အတွက် အားကိုးရတဲ့သူတစ်ဦး ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် မာတာရဲ့အနာဂတ်နဲ့ပတ်သက်ပြီး စိတ်ကူး၊ ဖြစ်နိုင်ခြေ၊ အလားအလာတွေကြားထဲမှာ ဘယ်ကို ပြောင်းရွှေ့ကစားဖြစ်မလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

# မြန်မာ့ကျောက်မျက်ရတနာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၁၁)**

**စစ်ဆေးခြင်း**

၄၂။ ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည်။

၄၃။ စစ်ဆေးရေးအဖွဲ့ကိုစစ်ဆေးရေးအရာရှိချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသုံးဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အဆိုပြုသော ပုဂ္ဂိုလ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

၄၄။ စစ်ဆေးရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင်သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့် စည်းကမ်းများကို လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့် ရရှိသူက လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

( ခ ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

( ဂ ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

( င ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၅။ စစ်ဆေးရေးအဖွဲ့သည် -

(က) ဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတစ်ခုခုမှ သင့်လျော်သော အရာရှိများကို ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

( ခ ) မိမိလုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

**အခန်း(၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၄၆။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ ကိုယ်စား စီမံအုပ်ချုပ်သူတစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြုခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်အတွက် မှတ်ပုံတင်ထားသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ခွင့်ပြုမိန့်၊ လိုင်စင်၊ မြေအသုံးပြုခွင့်ပြုမိန့် သို့မဟုတ် လက်လုပ်လက်စား မှတ်ပုံတင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းပြုလျှင် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဝန်ကြီးဌာနကလည်းကောင်း၊ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကလည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

( ခ ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

( ဂ ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စားမှတ်ပုံတင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

**အခန်း(၁၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၇။ မည်သူမဆို ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ပြည်ပသို့သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ငါးနှစ်မှအများဆုံး တစ်ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၈။ ခွင့်ပြုမိန့် ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်-

(က) လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်မှတစ်ပါး အခြားလုပ်ကွက် သို့မဟုတ် နေရာတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊

( ခ ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အမှန်တကယ် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံမတင်ဘဲ အခြားကျောက်မျက်ရတနာအရိုင်းဖြင့် လဲလှယ်၍ မှတ်ပုံတင်ခြင်း။

၄၉။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ပြည်ပသို့ သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၀။ (က) မည်သူမဆို လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်ထားခြင်းမရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ခ ) မည်သူမဆို အသေးစားနှင့်အလတ်စားကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး တစ်နှစ်မှအများဆုံး သုံးနှစ်ထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်-

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ရယူခြင်း၊ လွှဲပြောင်းခြင်း၊

( ခ ) ပုဒ်မ ၂၆ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရရှိဘဲ လုပ်ကိုင်ခြင်း၊

( ဂ ) ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ရာတွင် လည်းကောင်း၊ ရောင်းဝယ်ရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်၊ အခပေးဆောင်ရန် ပျက်ကွက်ခြင်း။

၅၂။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့်ရှိသူ၏ ကိုယ်စားစီမံအုပ်ချုပ်သူကဖြစ်စေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဆ) နှင့် စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သူမဆို မြေအသုံးပြု ခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး သုံးလထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ ယန္တရား၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း(၁၄)**

**အထွေထွေ**

၅၆။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက်မနည်းသော ရန်ပုံငွေတစ်ရပ်အား လုပ်ငန်းစတင်သည်နှင့် တစ်ပြိုင်နက်တည်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံတွင်ထောင်ထား၍ ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတွင်းထွက် သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်အပါအဝင် နိုင်ငံတကာ အသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိစေရမည်။

၅၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ဂ) အရထူထောင်ထားသည့် ရန်ပုံငွေကိုသုံးစွဲရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅၈။ မည်သူမဆို ကျောက်မျက်ရတနာ အရိုင်း၊ ကျောက်မျက်ရတနာ အချောထည် သို့မဟုတ် လက်ဝတ်ရတနာများအား ရောင်းဝယ်ရာတွင် သဘာဝတွင်းထွက်အားသွေးခြင်း၊ အရောင်တင်ခြင်းတို့မှအပ တွင်းထွက်၏ တန်ဖိုးမြင့်တက်အောင် အရောင်ကိုဖြစ်စေ၊ အရည်အသွေးကို ဖြစ်စေ၊ အကြမ်းခံနိုင်မှုကိုဖြစ်စေ အခြားနည်းပညာများဖြင့် ပြုပြင်ထားမှုများကို ဝယ်ယူသူအား တိကျရှင်းလင်းစွာ ဖော်ပြရမည်။

၅၉။ ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှ တာဝန်ပေးအပ်သော အရာရှိကဖြစ်စေ ဤဥပဒေအရ ရရန်ရှိသောငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၀။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်အရ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်သော လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၆၁။ ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချခြင်းလုပ်ငန်းကို လည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ်၊ ဌာနသို့မဟုတ် အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၆၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို ကျောက်မျက်ရတနာ ထွက်ရှိနိုင်သည့် ဒေသအတွင်း သင့်လျော်သည့်နယ်မြေတွင် ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၆၄။ ဝန်ကြီးဌာနသည် နိုင်ငံသားများဥပဒေနှင့်အညီ ရရှိပိုင်ဆိုင်ထားသည့် ကျောက်မျက်ရတနာများကို တွင်းဝခွန်ပေးဆောင်ပြီး မှတ်ပုံတင်စေ၍ တရားဝင်ပိုင်ဆိုင်ခွင့်၊ သယ်ဆောင်ခွင့်နှင့် ရောင်းဝယ်ခွင့်ပြုနိုင်ရန် စီမံပေးရမည်။

၆၅။ ဤဥပဒေ အကျိုးသက်ရောက်သည့်နေ့မှ ဤဥပဒေအရ ပေးဆောင်ရမည့် ရတနာခွန်နှုန်းထားများကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ထုတ်ပြန်ပြဋ္ဌာန်း အကျိုးသက်ရောက်သည့် နေ့ရက်မတိုင်မီကာလအတွက် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ၊ ရောင်းချပါက တည်ဆဲပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ကျောက်မျက်ရတနာ အသေးစားတူးဖော် ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ လုပ်ကိုင်ခွင့်အတွက်ရရှိသည့် ငွေနှင့် တွင်းဝခွန်များကိုလည်းကောင်း၊ လိုင်စင်ထုတ်ပေးခြင်းမှရရှိသည့် လိုင်စင်ခများကို လည်းကောင်း၊ လက်လုပ်လက်စားမှတ်ပုံတင်ခများကို လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၆၇။ ဝန်ကြီးဌာနသည် ပြည်တွင်းဈေးကွက် လိုအပ်ချက်အရ ကျောက်မျက်ရတနာအရိုင်း သို့မဟုတ် အချောထည်ကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပေးနိုင်သည်။

၆၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၁၉၉၅) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၈/၁၉၉၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၇**

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေရေးဆွဲထားရှိမှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး စသည့်ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် အကြံပြုချက်များ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# လတ်တလော၌ ဝက်သက်ရောဂါအဖြစ်များသည့် မြို့နယ်များတွင် ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်သွားမည်

**နေပြည်တော်  ဖေဖော်ဝါရီ ၇**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတစ်ဝန်း အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့မဆောင်ရွက်မီ ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် လတ်တလော၌ ဝက်သက်ရောဂါအဖြစ်များသည့် မြို့နယ်များတွင် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

### အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်သွားမည်

ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဝက်သက်ရောဂါ ဖြစ်ပွားမှုများကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရှိရပြီး ဝက်သက်ရောဂါကာကွယ်ဆေးလွှမ်းခြုံနည်းပါးသော မြို့နယ်များကိုပါ ယခုလအတွင်း ဝက်သက်ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဝက်သက်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

### အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်

ဝက်သက်ရောဂါ ဖြစ်ပွားသောနေရာဒေသများတွင် အပိုဆောင်း ဝက်သက်ရောဂါ အစုလိုက်ထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ရွှေ့ပြောင်းနေထိုင်သူများ၊ ဘေးရှောင်စခန်းများ၊ ပရဟိတစခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် မိဘမဲ့စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သူများကိုပါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles Virus) ကြောင့်ဖြစ်ပွားကာ ကာကွယ်ဆေးမထိုးထားသူများအားလုံး ကူးစက်နိုင်ကြောင်းသိရပြီး ရောဂါဖြစ်ပွားနေသူ ချောင်းဆိုး၊ နှာချေခြင်းဖြင့် ဝက်သက်ဗိုင်းရပ်စ်ပိုးသည် လေထဲသို့ ရောက်ရှိကာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက်ခံရနိုင်ကြောင်း သိရသည်။

### ကူးစက်နိုင်ခြေအများဆုံး

ဝက်သက်ရောဂါတွင် အနီစက်၊ အနီပြင်များ မထွက်ပေါ်မီ လေးရက်နှင့် ထွက်ပေါ်ပြီး လေးရက်အထိကာလသည် အခြားသူသို့ ကူးစက်နိုင်ခြေအများဆုံးဖြစ်ကြောင်း သိရပြီး ဝက်သက်ရောဂါ ကနဦးလက္ခဏာများမှာ အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ မအီမသာဖြစ်ခြင်း၊ မျက်စိနီရဲ၍ မျက်ရည်များကျခြင်း၊ ပါးစောင်တွင် အဖြူစက်ထွက်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

### နောက်ဆက်တွဲဆိုးကျိုးများ

ဝက်သက်ရောဂါ၏ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် ပြင်းထန်စွာအဆုတ်ရောင်ခြင်း၊ ရေဓာတ်ဆုံးရှုံးမှု ပြင်းထန်သည့် ဝမ်းလျှောခြင်း၊ နားအလယ်ခန်းရောင်ခြင်း၊ အမြင်အာရုံဆုံးရှုံးခြင်း၊ ဦးနှောက်ရောင်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အတွက် ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရ၊ မြို့မ၊ မိခင်ကလေးကျန်းမာရေးဌာနများနှင့် မြို့နယ်ဆေးရုံ၊ ခုတင် ၁၀၀ နှင့်အထက် ဆေးရုံကြီးများတွင် အပတ်စဉ် ဖွင့်လှစ်ထားသောကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးသွားရောက် ထိုးနှံကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း ၁၁ မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | Ocean Dite Gluta Wink White Cream(6g) | Made In Thailand | Mercury (+) |  |
| ၂။ | AIFUBAO Crystal White Fleck-Removing (A+B+C) | တရုတ်ဘာသာဖြင့်ဖော်ပြထားပါသည်။ | Mercury (+) |  |
| ၃။ | CHANEL Lipstick No.2 | ဖော်ပြမထားပါ။ | Lead (+) |  |
| ၄။ | CHANEL Lipstick No.3 | ဖော်ပြမထားပါ။ | Lead (+) |  |
| ၅။ | CHANEL Lipstick No.4 | ဖော်ပြမထားပါ။ | Mercury (+) |  |
| ၆။ | 12 Colors Lipstick Comfor Beauty No-11 | ဖော်ပြမထားပါ။ | Lead (+) Rhodamine B (CI 45170)(+) |  |
| ၇။ | 12 Colors Lipstick Comfor Beauty No-07 | ဖော်ပြမထားပါ။ | Lead (+) |  |
| ၈။ | MATTE Beauty Model Lipstick | ဖော်ပြမထားပါ။ | Rhodamine B (CI 45170)(+) |  |
| ၉။ | AMUSE Lipstick Liquid (4g) | ဖော်ပြမထားပါ။ | Rhodamine B (CI 45170)(+) |  |
| ၁၀။ | V Lipstick-2088-7 (3g) | ဖော်ပြမထားပါ။ | Rhodamine B (CI 45170)(+) |  |
| ၁၁။ | V Lipstick-2088-12 (3g) | ဖော်ပြမထားပါ။ | Rhodamine B (CI 45170)(+) |  |

၃။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။ RhodamineB အရောင်ဆိုးဆေးသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နူတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈ (က) အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | ဇီးတော်ဖီ | အင်ပါယာ | Rhodamine B |
| ၂။ | သကြားချောင်း | ဒို့မေမေ | Rhodamine B |
| ၃။ | ငရုတ်သီးပုံရောင်စုံသကြားလုံး | မြမြ | Rhodamine B |
| ၄။ | ဘောလုံးပုံရောင်စုံသကြားလုံး | မြမြ | Rhodamine B |
| ၅။ | ရခိုင်ငါးပိထောင်း | ထိပ်တန်း | Rhodamine B |
| ၆။ | ငါးပိထောင်း | ရွှေဝါဝင်း | Rhodamine B |
| ၇။ | ငရုတ်သီးအကြမ်းမှုန့် | ရွှေငရုပ်မင်း | Orange II |
| ၈။ | ငရုတ်သီးအရောင်တင်မှုန့် | ရွှေငရုပ်မင်း | Orange II |
| ၉။ | လက်ဖက်(ချဉ်စပ်နှပ်) | ထက်မြတ် | Auramine O |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




မြမြ ရောင်စုံသကြားလုံး




ထိပ်တန်း ရခိုင်ငါးပိထောင်း




ရွှေငရုပ်မင်း ငရုတ်သီး အကြမ်းမှုန့်



ထက်မြတ် လက်ဖက် (ချဉ်စပ်နှပ်)

# စိတ်မပူပါနဲ့ မေမေ

## ဆောမျိုးနွယ်

**သမီးအတွက် မေမေစိတ်ပူနေတယ်လို့ ဖေဖေက ပြောတယ်။ စိတ်မပူပါနဲ့ မေမေ။ သမီးအကြောင်း မေမေသိသလို မေမေ့အကြောင်းလည်း သမီးသိပါတယ်။ သမီးတို့ဖြေရမယ့် တက္ကသိုလ်ဝင်စာမေးပွဲက တစ်လလောက်ပဲ လိုတော့တာဆိုတော့ စာမေးပွဲအတွက် မေမေစိတ်ပူနေမယ်ဆိုတာ ဖေဖေမပြောလည်း သမီးသိနေပါတယ်။ မေမေကဘွဲ့ရပြီးသား ဖြစ်ပေမယ့် သမီးမူလတန်းမှာ မေမေလည်း မူလတန်း၊ သမီးအလယ်တန်းရောက်တော့လည်း မေမေက အလယ်တန်းရောက်ပြန်ရော။ အခုသမီးဆယ်တန်းမှာလည်း မေမေက ဆယ်တန်းပြန်ဖြစ်နေတာကို သမီးကိုယ်ချင်းစာမိပါတယ်။ သမီးအပေါ်ထားရှိတဲ့ မေမေ့မေတ္တာနဲ့ မျှော်လင့်ချက်တွေကိုလည်း သမီးနားလည်ပါတယ်။**

စာမေးပွဲဖြေရမှာက သမီးပါမေမေ။ သမီးကိုယ်စား မေမေသာ ဖြေပေးလိုက်ချင်တယ်ဆိုတဲ့ စိတ်တွေ၊ စာမေးပွဲနီးလေ စိတ်ပူလေဆိုတဲ့ စိတ်တွေကို လျှော့လိုက်ပါ။ မေမေ့သမီးကို ယုံကြည်မှုအပြည့်အဝထားပြီး အေးအေးချမ်းချမ်းပဲ နေပေးပါ။ သမီးစာမေးပွဲအတွက် မေမေတာဝန်ကျေပြီးသားပါ။ ဒီဆယ်တန်းအတွက်မှ မဟုတ်ပါဘူး။ သူငယ်တန်းကစလို့ ဆယ်တန်းအထိကို သမီးပညာရေးအတွက် မေမေတာဝန်ကျေခဲ့ပါတယ်။ အခုဖြေမယ့် စာမေးပွဲအတွက်ကတော့ သမီးတာဝန်ထားပါ။ သမီးမှာ ယုံကြည်မှုတွေအပြည့် ရှိပါတယ်။

ဒီလိုယုံကြည်မှုရှိနေအောင်လည်း တစ်နှစ်တာလုံး ကြိုးစားခဲ့ပါတယ်။ အခုလည်း စာမေးပွဲမဖြေခင်အထိ လေ့ကျင့်မှုတွေအများကြီး လုပ်နိုင်ပါသေးတယ်။ဖေဖေပြောခဲ့တာလေး သတိရမိလို့ ပြောချင်ပါသေးတယ် မေမေ။ ဆယ်တန်းစာမေးပွဲက သမီးရဲ့ဘဝတော့မဟုတ်ဘူးတဲ့။ ဒါပေမယ့် သမီးဘဝမှာ ဆယ်တန်းကို ဘယ်လိုဖြတ်ကျော်နိုင်ခဲ့တယ်ဆိုတဲ့ ကျေနပ်စရာကောင်းတဲ့ မှတ်တမ်းလေးတစ်ခုတော့ ကျန်ခဲ့စေချင်တယ်တဲ့။ ရှည်လျားခက်ခဲတဲ့ ဘဝတစ်ခုကို မဖြတ်သန်းရသေးခင်မှာ အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဆယ်တန်းစာမေးပွဲလို ခက်ခဲတဲ့ စိန်ခေါ်မှုတစ်ခုကို အောင်မြင်စွာ ကျော်လွှားနိုင်တဲ့အတွေ့အကြုံမျိုးကလည်း ရှိသင့်ပါတယ်တဲ့။ ဖေဖေပြောတဲ့ ခက်ခဲတဲ့စိန်ခေါ်မှုအတွက် သမီးအကောင်းဆုံး ပြင်ဆင်ထားပါတယ် မေမေ။ စိတ်ပူ မနေပါနဲ့တော့။

အခုတစ်လော သမီးစာကျက်သံ မကြားရလို့ဆိုပြီး စိတ်မပူပါနဲ့ မေမေ။ ကျက်ပြီး သမျှ၊ တွက်ပြီးသမျှတွေကို ချရေးကြည့်နေတာပါ။ နောက်ပြီး စာစီစာကုံးဆိုတာ ကျက်ရတာမဟုတ်ဘူးဆိုပေမယ့် ခေါင်းစဉ်တစ်ခုကို အချက်အလက် ပြည့်ပြည့်စုံစုံနဲ့ အစီအစဉ်တကျ ရေးတတ်ပြီလား၊ လေးဆယ့်ငါးမိနစ်လောက်အတွင်းမှာ ကိုယ်ရေးချင်တာကို သပ်သပ်ရပ်ရပ်နဲ့ပြီးအောင် ရေးနိုင်ပြီလားဆိုတာ ချရေးကြည့်မှ သိတာပါ မေမေ။ တွက်စာကျက်စာအားလုံးလည်း ဒီလိုပါပဲ။ ရတယ်ထင်ရပေမယ့် ချရေးကြည့်မှပဲ တကယ်ရမရ သိရလို့ပါ။

နောက်ပြီးဒီနှစ်က ကိုယ်ပိုင်စဉ်းစား တွေးခေါ်ဉာဏ်နဲ့ ဖြေရမယ့် မေးခွန်းလေးတွေလည်း ပါမယ်ဆိုတော့ အခြေခံအချက်တွေကိုမှ သိမထားရင်ဘယ်လိုဖြေမလဲ။ ဒါကြောင့် စာတကယ်ရအောင် ချရေးကြည့်နေတာပါ။ စာမေးပွဲမဖြေခင်အချိန်အထိ ဒီလိုပဲ ချရေးတဲ့လေ့ကျင့်မှုနဲ့ စာတွေကို ဆက်လုပ်သွားမှာပါမေမေ။ မေမေ့စကားနားမထောင်ခဲ့လို့ သမီးနောင်တရတာလေးကို ပြောပြချင်ပါသေးတယ်။ ကိုးတန်းတုန်းက သချ်ာဘာသာကို တွက်တတ်ရင်ပြီးတာပဲဆိုပြီး ချမတွက်ခဲ့တာ မှားတာပဲ မေမေ။ စာမေးပွဲအတွက် ကျန်တဲ့ဘာသာတွေအကုန်အားရတယ်။ သချ်ာတစ်ဘာသာတော့ အားမရဘူး။ ဒါပေမယ့်လည်း စိတ်မပူပါနဲ့ မေမေ။ အောင်ရုံဆိုတာလောက်တော့ စကားထဲကို ထည့်မပြောလိုပါဘူး။ ဂုဏ်ထူးမထွက်တောင် ဂုဏ်ထူးမှတ်နီးနီးရတဲ့အထိ သမီးဆက်ကြိုးစားသွားမှာပါ။

သမီးတစ်ခုတော့ ပြောထားချင်ပါတယ်မေမေ။ သမီးအခုလို ပြောပြလို့ ငါ့သမီးကတော့ ဂုဏ်ထူးလေးဘာသာ၊ ငါးဘာသာထွက်မှာဆိုတာမျိုးတော့ ဘယ်သူ့ကိုမှ ကြိုမပြောထားစေချင်ပါဘူး။ သမီးကအတတ်နိုင်ဆုံး ကြိုးစားနေတယ်ဆိုပေမယ့် ချွတ်ချော်မှုရှိခဲ့ရင် မကောင်းလို့ပါ။ ဒါကိုဘာနဲ့ ဥပမာပေးချင်သလဲဆိုရင် ဖေဖေဂေါက်ရိုက်တာကိုပဲ ဥပမာပေးချင်ပါတယ်။ ဖေဖေဟာ သူငယ်ချင်းတွေနဲ့ ဂေါက်ရိုက်ရင် အမြဲနိုင်နေကျပဲလေ။ ပြိုင်ပွဲလည်းကျရော ဖေဖေနိုင်တယ်ဆိုတာ သိပ်မရှိလှဘူး။ ပိုလို့တောင် လက်ပျက်သေးတယ်လို့ ပြောပါတယ်။



ဒီကွင်း ဒီဂေါက်တံ ဒီဂေါက်သီးနဲ့ရိုက်တာပဲလေ။ အပျော်ရိုက်တာနဲ့ ပြိုင်ပွဲဆိုတာပဲကွာသွားတာ။ ပြိုင်ပွဲမှာ ခါတိုင်းထက် လက်ပျက်တာကို ဖေဖေက ပြိုင်ပွဲဆိုတဲ့ အရှိန်ကြောင့်လို့ပြောတယ်။ ဒီလိုပါပဲ။ သမီးလည်း အခုစာတွေရနေပါပြီလို့ အာမခံနိုင်ပေမယ့် စာမေးပွဲဆိုတဲ့အရှိန်က ဘယ်လောက်ကြီးမယ်မှန်း သမီးမသိဘူးလေ။ ဒါပေမယ့်လည်း စိတ်မပူပါနဲ့ မေမေ။ သမီးစာမေးပွဲမှာ အခုစာလုပ်နေသလိုပဲ သဘောထားပြီး တည်တည်ငြိမ်ငြိမ်ဖြေသွားမှာပါ။

စိတ်မပူပါနဲ့မေမေ။ စောစောအိပ်ပါ။ သမီးစာလုပ်နေတဲ့အချိန်တွေမှာ ပုတီးစိပ်နေသလိုလိုနဲ့ မေမေမအိပ်နိုင်သေးတာ သမီးသိနေပါတယ်။ စာမလုပ်မှာ ပူတာနဲ့ စာလုပ်ရင်း ညဉ့်နက်သွားမှာ ပူတာဖြစ်နိုင်ပါတယ်။ သမီးအတွက်က စာလုပ်ရင်း ညဆယ့်တစ်နာရီဆိုတာ ခဏလေးပါ။ ကျင့်သားလည်းရနေပါပြီ။ ဒီထက်လည်း ညဉ့်နက်အောင်မနေပါဘူး။ မနက်ငါးနာရီမထရင်သာ နှိုးပေးပါ။ စာမေးပွဲပြီးမှပဲ အတိုးချပြီးအိပ်တော့မယ်။ သတိရလို့မေမေ့ကို ဝန်ခံစရာတစ်ခု ပြောပြချင်ပါသေးတယ်။ နှစ်စပိုင်းတုန်းက စာကိုလောဘကြီးပြီး ညမှာမအိပ်ချင်အောင်ဆိုပြီး ကော်ဖီမစ်ခါးခါးတွေ ဖျော်သောက်တာ သုံးလေးညအိပ်မပျော်ဘဲ ကြောင်တောင်တောင် ဖြစ်သွားသေးတယ်။ စာရလားဆိုတော့လည်း ဟုတ်တိပတ်တိ မဟုတ်ဘူး။ အဲဒီနောက်ပိုင်း အဲဒီလိုအမှားမလုပ်တော့ပါဘူး။

အခုလို အခြေအနေမှာ ကျန်းမာရေးဟာ အရေးအကြီးဆုံးဆိုတာ သမီးသိပါတယ် မေမေ။ ထိခိုက်အနာတရ မဖြစ်အောင်နဲ့ ဖျားတာနာတာ မဖြစ်အောင် သမီး ဂရုစိုက်ပါတယ်။ အိပ်ချိန်နားချိန် လုံလောက်ဖို့ မေမေလည်း ဂရုစိုက်ပေးနေတာပဲ။ အစားအသောက် အပါအဝင်ပေ့ါ။ သမီးသိပ်ကြိုက်တဲ့ မုန့်ဟင်းခါးတို့၊ အစုံသုပ်တို့တောင် မစားတော့ပါဘူး မေမေ။ စားရင်လည်း ချဉ်ငန်စပ်လေးမှ စားလိုက်ချင်တာဆိုတော့ ဗိုက်မကောင်းတာမျိုး ဖြစ်မှာစိုးလို့ပါ။ စာမေးပွဲပြီးရင်ဘာတွေစားမလဲ ဆိုတာတော့ အကုန်စဉ်းစား ထားပါတယ်။

မေမေ့ကို ပူဆာစရာတစ်ခု ရှိပါတယ်။ အခြားဟာမဟုတ်ပါဘူးမေမေ။သမီး ရေးနေကျ တစ်ခါသုံးဘောပင်လေးတွေ ကြိုဝယ်ထားပေးဖို့ပါ။ သမီးက အခုရေးနေတဲ့ ဘောပင်လေးတွေနဲ့ပဲ စာမေးပွဲဖြေချင်ပါတယ်။ ရေးနေကျဖြစ်တော့ ရေးရတာ အားရတယ်မေမေ။ မင်လိုက်ကောင်းမကောင်းလည်း ကြိုစမ်းထားချင်တယ်။ ကျန်တဲ့ ခဲတံ ပေတံ ခဲဖျက်တွေကတော့ များများစားစား သုံးစရာမလိုတော့ အခု သုံးနေတဲ့ဟာပဲ သုံးလိုက်တော့မယ်။ စာမေးပွဲဆိုတဲ့တိုက်ပွဲကို အောင်နိုင်ဖို့အတွက် အခုကတည်းက လိုအပ်တဲ့လက်နက်တွေ စုနေပြီ မေမေရေ့။ သမီးနဲ့အတူ အောင်ပွဲ ခံဖို့သာ ပြင်ထားပေတော့။

စိတ်မပူပါနဲ့မေမေ။ သမီးက မမလို ဆရာဝန်မကြီးမလုပ်ဘူးဆိုပေမယ့် ရသလောက်ပဲဆိုတဲ့ အပျော့စားစိတ်တော့ မထားပါဘူး။ အမှတ်ကို တော့ ကောင်းနိုင်သမျှ ကောင်းအောင် ကြိုးစားနေပါတယ်။ ပြီးမှသာ သမီးဝါသနာပါတဲ့ တက္ကသိုလ်ကို ရွေးချယ်မယ်။ သမီးဘယ်လောက်လုပ်နိုင်လဲဆိုတာ ကိုယ့်ဟာကိုယ် စမ်းသပ်ကြည့်မယ် မေမေ။ အမြင့်ဆုံး ဂုဏ်ထူးတွေ ပါရမယ်။ အဲဒါမှမဟုတ်ရင် အမှတ်တွေ ကောင်းရမယ်၊ အနိမ့်ဆုံးအဆင့်အောင်ရမယ်။ ဒီလိုပဲ သတ်မှတ်ထားပါတယ်။ ဒူးလောက်တင်မှ ရင်လောက်ကျဆိုတဲ့စကားလို ကိုယ့်ရည်မှန်းချက်ကို အမြဲမြှင့်ထားရမယ်လို့ ဖေဖေပြောနေကျစကား အမြဲကြားနေပါတယ် မေမေ။

ရက်ပေါင်းသုံးဆယ်နီးပါးဆိုတာ စာရနေတဲ့သူတွေရော၊ မရသေးတဲ့သူတွေပါ စာတွေအများကြီး ထပ်လုပ်လို့ရပါသေးတယ် မေမေ။ အကြိမ်များစွာ လေ့ကျင့်လို့လည်း ရပါတယ်။ စာလုပ်ရင်း ငြီးငွေ့လာလို့ စာအုပ်ချပြီး သီချင်းတစ်ပုဒ်တစ်လေ အော်ဆိုမိရင်လည်း သည်းခံပေးပါ မေမေ။ သမီးစိတ်လေသွားတာ မဟုတ်ပါဘူး။ ပမ်းနေတဲ့ဦးနှောက်ကို သီချင်းလေးနဲ့ ပြန်လန်းလာအောင် လုပ်နေတာပါ။ ပြောသာ ပြောရတာပါ မေမေ။ သမီးစာလုပ်နေတဲ့အချိန်တွေမှာ မေမေကြိုက်တဲ့ ဇာတ်လမ်းတွဲတောင် အသံကျယ်ကျယ်မဖွင့်ဘဲ ကြည့်နေရတဲ့ မေမေ့ကို အားနာပါတယ်။ စာမေးပွဲပြီးမှ မေမေတို့နဲ့အတူ လာသမျှဇာတ်လမ်းတွေ တစ်ဝကြီး ထိုင်ကြည့်ပစ်ဦးမယ်။

> **“စိတ်မပူပါနဲ့ မေမေ။ စောစောအိပ်ပါ။ သမီးစာလုပ်နေတဲ့ အချိန်တွေမှာ ပုတီးစိပ် နေသလိုလိုနဲ့ မေမေမအိပ်နိုင်သေးတာ သမီးသိနေပါတယ်။ စာမလုပ်မှာ ပူတာနဲ့ စာလုပ်ရင်း ညဉ့်နက်သွားမှာ ပူတာဖြစ်နိုင်ပါတယ်။ သမီးအတွက်က စာလုပ်ရင်း ညဆယ့်တစ်နာရီဆိုတာ ခဏလေးပါ။ ကျင့်သားလည်း ရနေပါပြီ။ ဒီထက်လည်း ညဉ့်နက်အောင်မနေပါဘူး။ မနက်ငါးနာရီမထရင်သာ နှိုးပေးပါ။ စာမေးပွဲပြီးမှပဲ အတိုးချပြီး အိပ်တော့မယ်”**

ကျေးဇူးတင်ပါတယ်မေမေ။ သမီးအခုလို စာမေးပွဲအတွက် အစစအရာရာ ဂရုပြုစောင့်ရှောက်ပေးနေတာတွေကို၊ သမီးတာဝန်ထားပါမေမေ။ ငါ့သမီးလေး ထူးထူးချွန်ချွန်အောင်မြင်ပါစေဆိုတဲ့ မေမေ့ဆန္ဒတွေ ပြည့်ဝစေဖို့ကို၊ စိတ်မပူပါနဲ့ မေမေ။ သမီးအတွက်နဲ့ မေမေဂုဏ်ယူနိုင်လောက်အောင် သမီးတတ်စွမ်းသမျှကြိုးစားဖြေဆိုသွားမှာပါ။ သမီးစိတ်ပူတယ်မေမေ။ မေမေ သမီးစာမေးပွဲအတွက် စိတ်ပူနေမှာကိုပါ။ အေးချမ်းပါစေ မေမေ။ မေမေ့သူငယ်ချင်းတွေအတွက်လည်း အေးချမ်းကြပါစေလို့ သမီးဆုတောင်းပေးလိုက်ပါတယ်။ ။

**မေမေ့ရဲ့ချစ်သမီး**

# သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် ကိုယ့်အားကိုယ်ကိုး ပြန်လည် ပြုပြင်

**မိတ္ထီလာ ဖေဖော်ဝါရီ ၇**

မိတ္ထီလာမြို့နယ်၌ ကျေးရွာခုနစ်ရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် ကျောက်ဖြူကုန်း-ဂင္ဍုံကုန်းကျေးရွာအုပ်စုချင်းဆက်လမ်းမပေါ်ရှိ ရှင်ပင်ကူသိမ်အဝင် သစ်သားတံတားကို အာစီကွန်ကရစ်တံတားအဖြစ် ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာအုပ်စုနှစ်စုအတွင်းရှိ ဂင္ဍုံကုန်း၊ ရှင်မြို့၊ ခါးကော့၊ ရွာမ၊ အုတ်မြေကန်၊ အုတ်နဲ့ဘုတ်၊ ကျောက်ဖြူကုန်းစသည့် ကျေးရွာ ခုနစ်ရွာမှ မိတ္ထီလာမြို့နှင့် ဆက်သွယ်သွားလာလျက်ရှိသော ကျောက်ဖြူကုန်း-ဂင္ဍုံကုန်းကျေးရွာအုပ်စုချင်းဆက် လမ်းမပေါ်ရှိ ရှင်ပင်ကူသိမ်အဝင် သစ်သားတံတားမှာ အခင်းများပျက်စီးနေသဖြင့် အဆိုပါ သစ်သားတံတားကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တာဝန်ရှိသူတို့၏ ပံ့ပိုးကူညီမှုနှင့်အတူ ကျေးရွာ ခုနစ်ရွာမှ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများ၊ လုပ်အားများဖြင့် အရှည် ၄၅ ပေ ၊ အကျယ် ၁၅ ပေရှိ အာစီကွန်ကရစ်အဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် ၉၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်းသိရသည်။

အဆိုပါ တံတားပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးပါက ကျေးရွာအုပ်စုနှစ်စုမှ ကျေးရွာခုနစ်ရွာရှိ ဒေသခံပြည်သူများသွားလာရာတွင် အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားနိုင်မည်ဖြစ်သည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



ကျေးရွာချင်းဆက်တံတား ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

# မျိုးစေ့ထုတ်လုပ်ရေး ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရေဦး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် မျိုးစေ့ထုတ်လုပ်နိုင်ရေး ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်သမဝါယမဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်း၊ တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌ ဦးကံဌေးမှ ချေးငွေထုတ်ချေးပေးခြင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာလျက် သမဝါယမဌာန၏ ထိန်းကျောင်းမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ချေးငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက မျိုးစပါးစိုက်ဧက ၇၈ ဧကအတွက် ချေးငွေကျပ် ၂၃ ဒသမ ၄ သန်းကို ကောင်းသန့်သာ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးမာတင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ ချေးငွေများကို တောင်သူတစ်ဦးလျှင် စပါးစိုက်ဧက တစ်ဧကလျှင် ချေးငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် အများဆုံး ခြောက်ဧကအထိ ချေးပေးသွားမည်ဖြစ်ပြီး အတိုးနှုန်းသည် နှစ်ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း၊ ချေးငွေများ ပြန်လည်ပေးဆပ် နိုင်ရန်အတွက် ခြောက်လတစ်ကြိမ် ပေးဆပ်ကြရမည်ဖြစ်ပြီး သုံးနှစ်တွက် ခြောက်ရစ် ဆပ် ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ အတိုးနှုန်းကို ချေးငွေပမာဏအတိုင်း တစ်ဆက် တည်းသတ်မှတ်ထားခြင်းမရှိဘဲ အရစ်ကျဆပ်ငွေ၊ ကျန်ငွေအပေါ်မူတည်ကာ ဆက်လက် အတိုးပေးကြရမည်ဖြစ်ကြောင်းသိရသည်။ **သန်းသန်း ( ပြန်/ဆက်)**

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

******

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်နာယက၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်း၏ လမ်းညွှန်ပံ့ပိုးကူညီမှု၊ အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများ၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၇)ရက်နေ့ (ရှမ်းပြည်နယ်နေ့)တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အရှေ့ဇီးကန် အလက(ခွဲ) အဌမတန်းမှ ကျောင်းဝင်အမှတ်(၅၄/၁၅)၊ မခိုင်သဇင်ထွေး၏ဖခင်အမည်မှန်မှာ ဦးတွတ်နီ ၇/ညလပ(နိုင်)၀၄၂၁၂၅ ဖြစ်ပါကြောင်း။ **ဦးတွတ်နီ**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဖာသိမ်ကျေးရွာနေ ဦးသန်းစိန်၏သား စောကျော်ဇင်ဦး ၁၀/ကမရ(နိုင်)၁၅၆၁၇၂၏ မွေးသက္ကရာဇ်အမှန်မှာ (ဆန်း ၁၀-၇-၁၃၅၅)ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အထက(၁)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မချစ်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၇/အတန(နိုင်)၀၂၁၂၅၀ ဖြစ်ပါကြောင်း။
**ဦးခင်မောင်စိုး**

## ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမက(ဂုံးလမ်း)စတုတ္ထတန်းမှ မရှင်းလဲ့စံမီ၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်ဝင်း ၇/ပတတ(နိုင်)၀၉၁၅၈၁ ဖြစ်ပါသည်။ **ဦးနိုင်နိုင်ဝင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် အထက(ခွဲ) ဓမ္မသ တတိယတန်းမှ မိခိုင်သစ္စာ၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၁၂/မဘန(နိုင်)၁၁၅၇၂၉ ဖြစ်ပါကြောင်း။ **ဦးချစ်ကိုကို**

## ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမက(ဂုံးလမ်း)စတုတ္ထတန်းမှ မရတီကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဖေယျ ၁/ဝမန(နိုင်)၀၃၈၉၅၄ ဖြစ်ပါသည်။ **ဦးအောင်ကျော်ဖေယျ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပခုက္ကူမြို့နယ်တရားရုံး
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၉၃

ဦးသိန်းထွန်း နှင့် ၁။ ဦးတင်ဝင်း၊ ၂။ ဒေါ်ခင်မိုးညို
၃။ မဇင်ဇင်အေး

တရားလို တရားပြိုင်များ

ပခုက္ကူမြို့၊ (၆)ရပ်ကွက်၊ ကုသိန္နာရုံလမ်းနေ ဦးတင်ဝင်း၊ ဒေါ်ခင်မိုးညို (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းထွန်းက ဝယ်ယူထားသော ဆိုင်ခန်းအတွင်းရှိ ပစ္စည်းများကို ဖျက်သိမ်းဖယ်ရှားပေးပြီး ဆိုင်ခန်းလွတ်အဖြစ် လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၄ ရက် (၁၃၈၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ထက်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပခုက္ကူမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၅၆၁၄၂ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်စိုး ၁၄/ဒဒရ(နိုင်)၀၄၆၅၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၁၈၈၀၃ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးဦး ၁၄/ကလန(နိုင်)၁၁၀၇၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဒေါ်ဒေါင်းတင် ၉/ပဗသ(နိုင်)၀၁၅၃၀၅ (ဘ)ဦးကြွယ်အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၀၄၄)ကို ဦးမျိုးမင်းထွန်း ၇/ရတန(နိုင်)၀၉၆၃၅၁ (ဘ)ဦးသန်းစိုးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်ယူသူ၏ ဝယ်ယူထားကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးကျော်ငွေ ၉/ပမန(နိုင်)၀၅၃၀၇၃ (ဘ)ဦးသန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၀၄၆)ကို ဦးမျိုးမင်းထွန်း ၇/ရတန(နိုင်)၀၉၆၃၅၁ (ဘ)ဦးသန်းစိုးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်ယူ၏ ဝယ်ယူထားကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အလက (ညောင်ငူ)မရမ်းချောင် တတိယတန်းမှ မဖူးပွင့်သဇင်၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းဝတ်ရည် ၁၄/ဝခမ(နိုင်)၃၀၃၉၇၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဆိပ်ကလေးကျေးအုပ်စု၊ နောင်ပရေ့ကျေးရွာနေ မသန်းသန်းမော် ၃/ကဆက(နိုင်)၀၇၃၆၆၇ ၏ဖခင် ဦးမိုးအောင်နှင့် ဦးမိုးမြင့် ၃/ကဆက(နိုင်)၀၆၃၈၄၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့၊ အလက(၁) အဌမတန်း (A)မှ မမေဖူးခိုင်၏ဖခင် ဦးဝင်းခိုင်နှင့် ဦးဝင်းမြင့်ခိုင် ၈/ပခက(နိုင်)၁၅၁၈၁၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဝင်းခိုင်(ခ)ဦးဝင်းမြင့်ခိုင်**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ (၃)ရပ်ကွက်၊ အထက(ခွဲ) အဏ္ဏဝါ အဌမတန်းမှ မောင်အောင်မြင့်မြတ်ဘုဏ်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်ရည်မွန် ဖြစ်ပါကြောင်း။
**ဒေါ်ခိုင်ရည်မွန်**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့(အနောက်ပိုင်း)၊ အကွက်အမှတ်(၅၂)၊ ဆေးရုံကွက်၊ ဦးပိုင်အမှတ်(၂၇)မှ မြေဧရိယာ ၀ဒသမ ၂၀၂ဧကရှိ အစိုးရအမည်ပေါက် မြေကို ဒေါ်ခင်စိုးစိုးကြည်အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၁၈၂၈ Honda Wave m/c ယာဉ်လက်ဝယ်ရှိသူ ဦးစောအောင်စိုးမိုး ၃/လဘန(နိုင်)၀၉၆၅၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ ရွှေပြည်သာမြို့ကွက်သစ်၊ အကွက်အမှတ်(OSS) ဦးပိုင် ၆၅၈/၇၆၈၊ ဧရိယာ ၀ဒသမ ၁၁၅ဧကကို ရဲအုပ်အေးကျော်ထံမှ ဦးမြင့်လွင် ၅/အရတ(နိုင်)၀၁၆၇၆၉ က တရားဝင်ဝယ်ယူခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမြင့်လွင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပြည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၁၄) ဖြူကုန်းကွင်းရှိ အောက်ဖော်ပြပါနေရာများတွင် ဒေါ်ကြည်ဝင်းအမည်ဖြင့် ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ (၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိထားပြီးဖြစ်၍ ဟိုတယ်ဆောက်လုပ်ရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အမည် | အမှုတွဲ အမှတ် | ကွင်း/အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ကြည်ဝင်း | | ၁၄/ဖြူကုန်းကွင်း | ၇၀ | ၄ဒသမ၇၉ | ပြည်သာယာ | အသစ် |
| ၂ | ဒေါ်ကြည်ဝင်း | ၂၅/၂၀၁၉ | ၁၄/ဖြူကုန်းကွင်း | ၇၀ | ၁ဒသမ၇၄ | ပြည်သာယာ | အသစ် |
| ၃ | ဒေါ်ကြည်ဝင်း | ၂၆/၂၀၁၉ | ၁၄/ဖြူကုန်းကွင်း | ၉၁ | ၄ဒသမ၅၅ | ပြည်သာယာ | အသစ် |
| ၄ | ဒေါ်ကြည်ဝင်း | ၂၇/၂၀၁၉ | ၁၄/ဖြူကုန်းကွင်း | ၉၀ | ၁ဒသမ၈၂ | ပြည်သာယာ | အသစ် |
| ၅ | ဒေါ်ကြည်ဝင်း | ၂၈/၂၀၁၉ | ၁၄/ဖြူကုန်းကွင်း | ၉၉ | ၄ဒသမ၆၇ | ပြည်သာယာ | အသစ် |
| ၆ | ဒေါ်ကြည်ဝင်း | ၂၉/၂၀၁၉ | ၁၄/ဖြူကုန်းကွင်း | ၉၂က | ၁ဒသမ၆၂ | ပြည်သာယာ | အသစ် |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

စာ ၈



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

စာ ၉



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဖေဖော်ဝါရီ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၂* ❄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တောင်ကြီးမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံ

**တောင်ကြီး ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ ညနေ ၄ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ "ကိုးကန့်"၊ "ဓနု"၊ "ပအိုဝ်း"၊ "ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးများမှ တာဝန်ရှိသူများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက မိမိအနေဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် ပြည်တွင်းခရီးစဉ်များ သွားရောက်ကာ ရောက်သည့်နေရာတွင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် *စာမျက်နှာ ၁၁ ကော်လံ ၁* ❖



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

